# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချီ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၃၀၇)

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ရှုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာ - ၃ သို့

## ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေပြဋ္ဌာန်း

စာ - ၇ သို့

## ကော့သောင်းမြို့၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေး ပညာပေးလှုပ်ရှားမှုဆောင်ရွက်

ကော့သောင်း ဖေဖော်ဝါရီ ၁၈

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity) သို့ ၂၀၂၅ ခုနှစ် မတ်လမတိုင်မီ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့များနှင့် ပတ်သက်၍ ပညာပေးအစီအစဉ်များကို ဖေဖော်ဝါရီလ ၇ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ကော့သောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းတွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ဆိုင်ရာလှုပ်ရှားမှုအစီအစဉ်များဆောင်ရွက်ကြသည်။

မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ဆိုင်ရာများကို ပညာပေးဆောင်ရွက်ခဲ့ရာ အခြေခံပညာ **စာမျက်နှာ ၂ ကော်လံ ၃** ■



## သာသနာရေးဦးစီးဌာနနှင့် ရုရှားအော်သိုဒေါ့ခရစ်ယာန်အသင်းတော်တို့အကြား သာသနာရေးလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ သဘောတူစာချုပ်(LOA) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကျင်းပ

စာ - ၅ သို့

## (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

စာ - ၁၆ သို့

**ဆောင်းပါး** နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ကော်ဖီအခြေခံ MSME လုပ်ငန်းများအားပေးစို့ စာ - ၁၃ သို့





ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)မြိုင်ကလေး နှင့်
ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် မြင်းပျံ
အမှတ်တံဆိပ် ဘိလပ်မြေများအား
**စက်ရုံ တိုက်ရိုက် နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)မြိုင်ကလေး
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉ ၇၇၇၀၀၄၀၉၇




ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)ပြည်ညောင်
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်)

# အွန်လိုင်းလိမ်လည်လောင်းကစားမှုလုံးဝပပျောက်ရေး

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက်နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် မြဝတီမြို့- ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်လာကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းပြီး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှဖေဖော်ဝါရီလ ၁၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်းဦးရေ ၁၃၀၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကြောင်းသိရှိရသည်။

ဖမ်းဆီးရမိထားသည့် တရားမဝင် ဝင်ရောက်လာသူများအနက်မှ ၆၁ ဦးကို ထိုင်းနိုင်ငံသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့အမြန်ဆုံးလွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်းသိရှိရသည်။ ဖမ်းဆီးရမိသူများမှာ တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ မလေးရှား၊ အီသီယိုးပီးယား၊ ပါကစ္စတန်၊ ကာဂျစ်စတန်၊ ဗီယက်နမ်၊ ယူဂန္ဓာ၊ ထိုင်းနှင့်တရုတ်(တိုင်ပေ)တို့မှဖြစ်ကြသည်။ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုပြုနေကြသူများသည် ကုမ္ပဏီများအဖြစ်အသွင်ယူကာ ၎င်းတို့၏လုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှစ၍ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင်လုပ်ကိုင်ခဲ့ကြပြီး ၂၀၁၉ ခုနှစ်နောက်ပိုင်းတွင် ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံနယ်စပ်သို့တရားမဝင်ရောက်ရှိခြင်းဖြစ်သည်။ အလုပ်သမားတချို့မှာ အလုပ်အကိုင်ကောင်းကောင်းနှင့်လစာကောင်းကောင်းရမည်ဟူသော လိမ်လည်မှုကိုယုံကြည်ကာရောက်ရှိလာကြသူများဖြစ်ပြီး အလုပ်ချိန်ကိုသာမန်အလုပ်များထက်ပိုမိုခိုင်းစေခံရကာ ငွေကြေးလစာမရရှိသူများကြောင်း၊ အချိန်ပြည့်စောင့်ကြည့်နှိပ်စက်ခြင်းကိုခံရကြောင်း ၎င်းတို့၏စကားသံများအရကြားသိရသည်မှာ စိတ်မချမ်းမြေ့ဖွယ်အလွန်ကောင်းလှသည်။

လူသားချင်းစာနာထောက်ထားမှု၊ လူ့အခွင့်အရေးတို့ဆုံးရှုံးကာ ငရဲခန်းအတွင်းကျရောက်သည့်အလားခံစားနေကြရသည်ကိုကြားသိရသည်။ ထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသားများ၏စကားသံများကို ရုပ်မြင်သံကြားများတွင်လည်းကောင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင်လည်းကောင်းမြင်တွေ့ကြားသိရသည့်အချက်အလက်များအရ လူလိမ်များကနိုင်ငံသားအချင်းချင်းကိုပင် မက်လုံးပေးကာ အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုပြုလုပ်နေခြင်းမှာအများဆုံးဖြစ်ကြောင်းသိရှိရသည်။ တရုတ်နိုင်ငံသူ Mrs.Hou Mei Xin သည်၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်က တရုတ်နိုင်ငံမှထွက်ခွာလာပြီး ရွှေကုက္ကိုလ်ရှိတရုတ်လူမျိုးပိုင် Heng Chuang ကုမ္ပဏီတွင်အလုပ်ဝင်ခဲ့သည်။ နေ့တိုင်း ည ၈ နာရီမှ အချိန်အကန့်အသတ်မရှိ Chatting လုပ်ပြီး Customer ရှာဖွေပေးသည့်အလုပ်ကိုလုပ်ရသည်။ အလုပ်စတင်ဝင်ချိန်မှ ဖမ်းဆီးခံရသည့်အချိန်၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအထိ လစာတစ်ပြားမှမရရှိခဲ့ကြောင်းပြောပြခဲ့သည်။ တရားမဝင်အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုများတွင် လုပ်ဆောင်ရန် စေခိုင်းခံရသူများအနေဖြင့် ရွှေကုက္ကိုလ်ဒေသသို့လာရောက်သည့်လမ်းကြောင်းကိုလေ့လာသည့်အခါ အများစုမှာ တရုတ်နိုင်ငံမှ လာအိုနိုင်ငံ၊ လာအိုနိုင်ငံမှထိုင်းနိုင်ငံ ဘန်ကောက်မြို့၊ ဘန်ကောက်မှတစ်ဆင့်မဲဆောက်မြို့၊ မဲဆောက်မြို့ရောက်သည့်အခါ မြစ်တစ်ခုကိုစက်လှေဖြင့်ဖြတ်ပြီး ရွှေကုက္ကိုလ်သို့ရောက်ရှိသည်။ ရွှေကုက္ကိုလ်သို့ရောက်သည့်အခါ တရုတ်လူမျိုးတစ်ဦးကလာခေါ်ပြီး ဆက်သွယ်ထားသည့်ကုမ္ပဏီသို့ခေါ်ဆောင်သွားခဲ့သည်။ ဤသို့ဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားမှုနှင့်လိမ်လည်မှုများတွင်ပါဝင်လုပ်ကိုင်ကြရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားမှုနှင့်ငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်မှုများကို ထိရောက်စွာဖော်ထုတ်အရေးယူဆောင်ရွက်နေသည့်အပြင် နိုင်ငံတကာနှင့်ပူးပေါင်း၍လည်း ဒုစရိုက်နှိမ်နင်းရေးကို တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့ပြင်တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှုလုပ်ငန်းများအပါအဝင် အခြားဒုစရိုက်လုပ်ငန်းများမရှိစေရေး ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသားကိုင်တွယ်ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့်ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများဆောင်ရွက်လျက်ရှိသည်။ ပြည်သူများအနေဖြင့်လည်း မိမိတို့ပတ်ဝန်းကျင်တွင် အဆိုပါဒုစရိုက်လုပ်ငန်းများလုပ်ဆောင်နေသည့်သတင်းများရရှိပါက အချိန်နှင့်တစ်ပြေးညီပေးပို့ခြင်းဖြင့် နိုင်ငံ့ကောင်းကျိုးသယ်ပိုးကြရန်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၃ ရက်ကကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အွန်လိုင်းလောင်းကစားနှင့်ဆက်စပ်ဒုစရိုက်များကို ပြတ်ပြတ်သားသားနှိမ်နင်းရေးနှင့်ပတ်သက်၍ **“တရားမဝင်အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှုကိုအကြောင်းပြု၍ နိုင်ငံတော်တွင်အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး ထိထိရောက်ရောက်အရေးယူမှုများကိုဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာ၌လည်း ၎င်းကိစ္စနှင့်ပတ်သက်၍ အာရုံစိုက်မှုရှိလာကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့်ပူးပေါင်း၍၎င်းဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာဆောင်ရွက်နေကြောင်း”** ပြောကြားခဲ့သည်။ ထို့ပြင် သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူများပတ်သက်နေမှုရှိပါက အားလုံးကိုထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်၍ အလေးထားလိုက်နာဆောင်ရွက်သွားရန်လိုကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိနယ်မြေအားလုံးတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုအပါအဝင် အခြားဒုစရိုက်မှုများကင်းစင်ရေးကို ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# MSME ချေးငွေများလျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆)ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး (၃၀%)နှင့်အထက် အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ၃ %၊ Working Capital (၁၀၀%) အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၄ % နှင့် Credit Guarantee Insurance– CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း ၅ % တို့ဖြင့် ချေးငွေများလျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများ လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

**■ ရှေ့ဖုံးမှအဆက်**

အထက်တန်းကျောင်း(ခွဲ) အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးလင်းလင်းထိုက်က ကျောင်းသား၊ ကျောင်းသူများကို သနပ်ခါးသည် မြန်မာတို့၏နေ့စဉ်ဘဝအတွက် အရေးပါကြောင်းနှင့် မြန်မာ့သနပ်ခါးသည် ကမ္ဘာတွင် ထူးခြားသည့် ဓလေ့တစ်ခုဖြစ်ကြောင်း၊ မြန်မာ့သနပ်ခါး ဓလေ့၏သမိုင်းကြောင်း အစဉ်အလာယဉ်ကျေးမှုများ၊ သနပ်ခါး၏ အသုံးဝင်ပုံနှင့် အသုံးပြုပုံအကြောင်း၊ မြန်မာ့သနပ်ခါး၏ အကျိုးကျေးဇူးများကို ပညာပေးဟောပြောပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကိုယ်တိုင်သနပ်ခါးသွေးလိမ်းခြယ်ခြင်းနှင့် အချင်းချင်းအပြန်အလှန် ပျော်ရွှင်စွာလိမ်းခြယ်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့ မြို့မဈေးအတွင်း ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့နံနက် ၇ နာရီတွင် မြို့မဈေးအတွင်း ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းနှင့် ထည့်စရာများယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေးခြင်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

**တင်ဆန်းဦး**

## သဇင် (FM)အသံလွှင့်အစီအစဉ်

၁၉-၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News

၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား

၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ

၅။ ၁၅:၃၅ Happy Zone

၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

## ရုံးခွန်အက်ဥပဒေ(The Court Fees Act)ကို ပြင်ဆင်သည့်ဥပဒေအား သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃ /၂၀၂၅ ဖြင့် ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါဥပဒေသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ စတင်အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

## ရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃ /၂၀၂၅)**

**၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်**

**(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၃။ ရုံးခွန်အက်ဥပဒေ ဇယား ၁ ၏ အမှတ်စဉ် ၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**SCHEDULE I**

**AD VALOREM fees**

| Number | | Proper Fee |
|---|---|---|
| 1. Plaint, written statement pleading set-off or counter claim or, memorandum of appeal (not otherwise provided for in this Act) or of cross-objection presented to any Civil Court or Revenue authority except those mentioned in section 3. | (a) When the amount or value of the subject matter in dispute does not exceed 100,000,000 Kyats (Hundred Million Kyats); | - 0.5 per centum on the amount or value specified in such document. |
| | (b) When such amount or value exceeds 100,000,000 Kyats (Hundred Million Kyats), up to 1,000,000,000 Kyats (One Billion Kyats); | - 1,000,000 Kyats (Ten Hundred Thousand Kyats) Fixed Fees. |
| | (c) When such amount or value exceeds 1,000,000,000 Kyats (One Billion Kyats), up to 3,000,000,000 Kyats (Three Billion Kyats); | - 1,500,000 Kyats(Fifteen Hundred Thousand Kyats) Fixed Fees. |
| | (d) When such amount or value exceeds of 3,000,000,000 Kyats (Three Billion Kyats). | - 3,000,000 Kyats (Thirty Hundred Thousand Kyats) Fixed Fees. Provided that the maximum fee leviable shall be Kyat 3,000,000 (Thirty Hundred Thousand Kyats). |

၄။ ရုံးခွန်အက်ဥပဒေ ဇယား ၁ ၏ အမှတ်စဉ် ၁၁ နှင့် ၁၂ တို့ပါ ထိုက်သင့်သော ရုံးခွန်စာတိုင်တွင်ပါရှိသော "kyat 500,000" ဆိုသည့် စကားရပ်ကို "kyat 3,000,000 (Thirty Hundred Thousand Kyats)" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း)သင်တန်းအမှတ်စဉ် (၄၈) သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးကျင်းပသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (Certified Public Accountant-CPA) (ပထမပိုင်း) သင်တန်းအမှတ်စဉ် (၄၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid System ဖြင့်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးတက်ရောက်၍သင်တန်းဆင်းအမှာစကားပြောကြားသည်။



အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာနိုင်ငံစာရင်းကောင်စီသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်တစ်ဖက်တစ်လမ်းမှအထောက်အကူပြုမည့် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ တိုးပွားလာစေရန်အတွက် နည်းလမ်းများ ရှာဖွေဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ယခင်က လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းကို ဝါဏိဇ္ဇဗေဒပညာဘွဲ့ရများသာ တက်ရောက်ခွင့်ရရှိခဲ့ရာမှ ယခုအချိန်တွင် စာရင်းကိုင်ပညာဘွဲ့၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့၊ စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်နှင့်ဘဏ္ဍာရေးပညာ) နှင့် ဒီပလိုမာစာရင်းကိုင် စသည့်ဘွဲ့ရများကိုလည်း တက်ရောက်နိုင်သည့် အခွင့်အလမ်းများ ခွင့်ပြုပေးခဲ့ကြောင်း ပြောကြားသည်။

သင်တန်းတွင် အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်မှ သင်တန်းသား ၂၅ ဦး၊ ရန်ကုန်မှ ၆၂ ဦး စုစုပေါင်း ၈၇ ဦးကို သင်ကြားပို့ချပေးခဲ့ပြီး ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင် တက်ရောက်သူ ၄၇ ဦး၊ ကိုယ်တိုင်လေ့လာဖြေဆိုမည့်သူ ၇၇၁ ဦး စုစုပေါင်း ၉၀၅ ဦး ဝင်ရောက်ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက်သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှလည်းကောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်၊ ကောင်စီဝင်များနှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိသူများ၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတို့မှ တာဝန်ရှိသူများက Online ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြကြောင်းသိရသည်။ (ဎဝဝ)

## ပြည်ပဘီလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက် ဘီလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘီလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှဘီလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘီလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဎဝဝ)

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ (မိုး/ဇလ)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ဆူပြီး၍ ချော့ခြင်း

အိုင်စီအက်စ်အရာရှိတိုင်းသည် ဤကဲ့သို့မဟုတ်။ မင်းကြီးမစ္စတာကလေတင်သည် လူဆန်းတစ်ယောက်ဖြစ်ခြင်းကို ကြုံဖူးသူတိုင်း သိကြပါသည်။ သူ၏ဝါသနာကား ဆူစရာရှိလျှင် ကြီးငယ်မရွေး ဆူတတ်၍ ချီးမြှောက်စရာရှိလျှင်လည်း သူ့လူကို မတက်တက်အောင် ထိုးတင်ပေးတတ်လေသည်။ ကျွန်ုပ်သည် ဤအကြောင်းကို သိပါ၏။ ရုံးအုပ်ကလည်း ကျွန်ုပ် တောလိုက်စာရေးဖြစ်တော့မည်ဆိုရာတွင် "ဖေသိန်းတော့ ကော်တာပဲ၊ သိပ်ကံကောင်းတယ်၊ ဒီကောင်လေးကြီးပွားတော့မယ်" ဟု တခြားစာရေးများအား ပြောဖူးလေသည်။ သို့ရာတွင် ကျွန်ုပ်၏ဇာတာမှာ အစိုးရအမှုထမ်းအဖြစ်နှင့် ကြီးပွားဖို့ ပါလာဟန်မတူချေ။ မင်းကြီးသည် ကျွန်ုပ်အား ဆူပြီး၍ နာရီဝက်ခန့်ကြာသောအခါ ကျွန်ုပ်ကိုခေါ်ပြန်၏။ မျက်နှာထားမှာ ခပ်ချိုချိုဖြစ်နေခဲ့လေပြီ။ ကျွန်ုပ်က မတ်တတ်ရပ်လျက်ရှိရာ မင်းကြီးက အနီးသို့ချဉ်းကပ်ရန်ပြောသဖြင့် သူ၏ရွက်ဖျင်ကုလားထိုင်အနီးတွင် ထိုင်ရလေသည်။ ထုံးစံအတိုင်း သူကအင်္ဂလိပ်လိုပြောသော်လည်း စာရေးက မြန်မာလိုဖြေမှ သဘောကျသည်။ 'ကျွန်တော်မျိုး'၊ 'အရှင်ဘုရား' စသောစကားလုံးများကို ဗိုလ်များနှစ်သက်ကြသည်။

"မင့်အသက် ဘယ်လောက်ရှိပြီလဲ"

"၂၂ နှစ်ရှိပါပြီ အရှင်ဘုရား"

"ဟလို ... ငယ်ငယ်ကလေးပါကလား"

ကျွန်ုပ်၏ပါးကို ဖြည်းညင်းစွာဆွဲ၍လိမ်သည်။

"မောင်မင်းနဲ့ကျွန်ုပ် ဆရာတပည့်နော်၊ ဟုတ်ရဲ့လား"

"မှန်ပါတယ် အရှင်ဘုရား"

"ဆရာတပည့်ဆိုတာ ဆရာကဆူရင် တပည့်က စိတ်မဆိုးဘူး၊ ဟုတ်လား"

"မှန်လှပါ ဘုရား"

"ကျွန်ုပ်က အလုပ်ကောင်းကောင်းလုပ်တဲ့လူဆိုရင် ချီးမြှောက်တတ်တယ်"

"မှန်ပါဘုရား"

"ကောင်းကောင်းလုပ်ပါ၊ စိတ်မညစ်ပါနဲ့၊ ဒီခေါင်းအုံးကလေး ဘယ်လောက်ပေးရသလဲ"

"နှစ်ကျပ်ပေးရတယ် ပြောပါတယ်ဘုရား"

"ရုံးသုံးငွေထဲကမထုတ်နဲ့၊ ကျွန်ုပ်ကိုယ်ပိုင်ငွေစာရင်းထဲက ထုတ်ယူပါ"

"မှန်ပါဘုရား"

"အလုပ်ကောင်းကောင်းလုပ်၊ သွားတော့"

### ကျွန်ုပ်စိတ်ကောက်လေပြီ

မိမိအလုပ်၌ ကြီးပွားစေလိုသောစိတ်ရှိသည့်



စာရေးကလေးတစ်ယောက်သည် အလွန်ဆူတတ်သည်ဟုနာမည်ကြီးသော အရာရှိတစ်ဦးက ပါးကိုလိမ်ဖျစ်ကာ စကားပြေပြောခြင်းခံရသည်ဆိုပါက စိတ်အားတက်ကြွပြီး ကြိုးစား၍အလုပ်လုပ်ပေလိမ့်မည်။ ကျွန်ုပ်မှုကား ထိုကဲ့သို့မဟုတ်ချေ။ မိမိ၏အပြစ်မဟုတ်ပါဘဲလျက် ခေါင်းအုံးကလေးပျောက်ခြင်းအတွက် ဆူပူရချေမည်လောဟု နှလုံးသို့ခိုက်အောင် နာကြည်းထားသည်နှင့် မင်းမှုထမ်းအလုပ်သည် အလကားအလုပ်ဖြစ်သည်။ ဗိုလ်စိတ်ကောင်းလျှင်ကောင်းသလို၊ ဗိုလ်စိတ်ဆိုးလျှင်ဆိုးသလို သူတို့သဘောအတိုင်းခံရသည်။ စိတ်ဆင်းရဲမှု၊ ချမ်းသာမှုသည် သူတို့၏ကြည်ခြင်း၊ နောက်ခြင်းပေါ်တွင် တည်လျက်ရှိသည်။ ဘာလောက်မှကောင်းသောအလုပ်မဟုတ်ဟူ၍ စိတ်ထဲ၌ ဆုံးဖြတ်ထားလိုက်ပြီးဖြစ်သောကြောင့် မင်းကြီးက နှစ်သိမ့်စေလိုသောသဘောဖြင့် ချော့၍ဆုံးမခြင်းဖြစ်သည်ဟု ကျွန်ုပ်နားလည်ပါလျက်နှင့် ကောင်းကောင်းစိတ်မကျေဘဲ ဖြစ်နေပါတော့သည်။ သမဝါယမဌာနဘက်၌ ကျွန်ုပ်ကဲ့သို့အတန်းလည်းမအောင်၊ အရေးအသားလည်းမတော်၊ ဗိုလ်နှင့်အထက်ပါအခွင့်အရေးမျိုးလည်း မရကြဘဲလျက် သည်းညည်းခံပြီး ကုတ်ကုတ်ကတ်ကတ်ကြိုးစားထမ်းရွက်ကြခြင်းအားဖြင့် (Joint Registrar) တွဲဖက်မင်းကြီးရာထူးတိုင်အောင် တက်ကြသူများလည်း ရှိလေသည်။ သူတို့နှင့်ကျွန်ုပ် ခြားနားခြင်းမှာ ကြီးပွားလိုသောဆန္ဒပြင်းထန်ခြင်း၊ မပြင်းထန်ခြင်းမျှသာကွာကြ၏။ စံဒေဝီနှင့် အကြောင်းပါခဲ့ပါမူ ကြီးပွားလိုစိတ်ဖြစ်ပေါ်လာမည်လော မပြောတတ်ပေ။

### အဆင်မပြေမှုတစ်ခု

မင်းကြီး၏တောလိုက်စာရေးသည် ထမင်းချက်ကုလားသုံးယောက်မှတစ်ပါး မင်းကြီး၏ ဘတ္တလာ၊ စားပွဲထိုးနှင့် ရုံးချာပရာစီ နှစ်ယောက်တို့အား (အားလုံး မြန်မာများဖြစ်ကြသည်။) နယ်လှည့်စဉ်အတွင်း ထမင်းကျွေးရသောထုံးစံတစ်ခု ကိုမြစ်က လုပ်ထားခဲ့၏။ အလုပ်လွှဲပေးခါနီးတွင် ကိုမြစ်က "တခြားဌာနတွေမှာတော့ ဒီလို ထုံးစံမရှိပါဘူး။ ကျုပ်ကတော့ ထုံးစံလုပ်ထားခဲ့မိပြီ။ ခင်ဗျားလည်း ကျွေးလိုက်ပါဗျာ။ သူတို့မှာ ခရီးစရိတ်ကလည်း ဖြစ်လောက်အောင် မရရှာကြပါဘူး" ဟု မှာထားခဲ့ဖူးလေသည်။ ကျွန်ုပ်လည်း ကိုမြစ်မှာထားခဲ့သည့်အတိုင်းပင် ကျွေးပါသည်။ ရုံးချာပရာစီတစ်ယောက်က ချက်ပြုတ်မှုအတွက် တာဝန်ယူပါ၏။ ကျန်လူများကား အလကားစားကြခြင်းဖြစ်၏။ စားကြရုံနှင့် မပြီးသေး။ ဘတ္တလာနှင့်စားပွဲထိုးသည် ကျွန်ုပ်အား ငယ်ရွယ်သောလူကလေးတစ်ယောက်ဆို၍ ကိုမြစ်ကဲ့သို့ မလေးစားချင်ဘဲ မထီမဲ့မြင်ပြုချင်ကြပုံရ၏။ မစ္စတာကလေတင်၏ဝါသနာတစ်ခုမှာ သူ၏ဘတ္တလာကို လက်သပ်မွေးထားပြီး ရုံးအလုပ်မှတစ်ပါး အရပ်ရပ်ကိစ္စများတွင် 'လူယုံတော်' တစ်ယောက်အနေဖြင့် တိုင်ပင်တတ်၍ 'အချစ်တော်' တစ်ယောက်ပင်ဖြစ်ခဲ့လေပြီ။ သမဝါယမဌာနဘက်၌အမှုထမ်းကြသော မြို့အုပ်များ၊ ဝန်ထောက်များသည် မင်းကြီး၏အိမ်သို့ ဝင်ကြသောအခါ ဘတ္တလာကို ရှေးဦးစွာချဉ်းကပ်ပြီး အာလာပသလ္လာပစကားပြောပြီးမှ ဝင်ကြ၏။ တချို့မှာ ဘတ္တလာအတွက် အသေးအဖွဲလက်ဆောင်ကလေးများပင် ပါလာတတ်ကြ၏။ တစ်ခါတစ်ရံ ဘတ္တလာကပင် မြို့အုပ်ဝန်ထောက်များအား "ဦးတို့အရပ်မှာ ဟင်္ဂါ မပေါ်ဘူးလား။ ကျွန်တော် နည်းနည်းရချင်တယ်ခင်ဗျာ" ဟုဆိုကာ မှာထားလိုက်ရာ အရာရှိများလည်း ယူခဲ့ကြရ၏။ စင်စစ်မှာမူ ဘတ္တလာသည် အရာရှိများအား ကောင်းကျိုးသော်လည်းကောင်း၊ ဆိုးကျိုးသော်လည်းကောင်း ဘာမျှတတ်နိုင်သည်မဟုတ်။ တမင်သက်သက် 'မင်းမှီစိုးကပ်' ဖြင့် ဗိုလ်ကျခြင်းဖြစ်၏။ ကျွန်ုပ်သည် ဤအကြောင်းများကို သိ၍ ဘတ္တလာကို သဒ္ဒါကြည်ဖြူ မဟုတ်လှသော်လည်း ကိုမြစ်၏ဩဝါဒအရ ထမင်းတော့ကျွေးပါသည်။ သို့သော် သူက မထီမဲ့မြင်လုပ်လွန်းပုံကို ဖော်ပြပါဦးမည်။

### ဒုတိယမွှိ စိတ်ပျက်ခြင်း

တစ်နေ့သ၌ ရွာတစ်ရွာတွင် ကျွန်ုပ်တို့လူစု စတည်းချလျက်ရှိစဉ် ကျွန်ုပ်သည် ဈေးဝယ်ရန်အတွက် ချာပရာစီအား ပိုက်ဆံပေးထားပြီး အလုပ်လုပ်လျက်ရှိ၏။ တောရွာများ၌ ဈေးဝယ်ခြင်းဟူသည်မှာ ကြက်နှင့် ဆီ၊ ဆန်တို့သာဖြစ်လေသည်။ ထိုနေ့၌ ကျွန်ုပ်သည် မင်းကြီးက ဘဏ္ဍာရေးမင်းကြီးထံသို့ စာရှည်ကြီးတစ်စောင်ရေးသည်နှင့် မပြီးမချင်း လက်နှိပ်စက်ဖြင့် ရိုက်ကူးရခြင်းကြောင့် ၁၂ နာရီခန့်တွင်မှ နံနက်စာစားနိုင်တော့သည်။ အလုပ်ပြီးစီး၍ ထမင်းပွဲပြင်ခိုင်းသောအခါ ဘတ္တလာနှင့်စားပွဲထိုးတို့ စားနှင့်ပြီးဖြစ်၍ ကျွန်ုပ်နှင့် ချာပရာစီနှစ်ယောက်သာ ကျန်တော့သည်။ ထမင်းပွဲ၌ထိုင်လိုက်၍ ဆာလောင်စွာနှင့် ကြက်သားဟင်းခွက်ကိုနှိုက်လိုက်သောအခါ ရင်အုပ်နှင့်အသည်းမရှိတော့ဘဲ ပေါင်နှင့်အရိုးများသာ တွေ့ရ၏။ ကျွန်ုပ်အတွက် ရင်အုပ်ဖြစ်စေ၊ အသည်းဖြစ်စေထားရမည်ကို သူတို့သိလျက်နှင့် ဘတ္တလာနှင့် စားပွဲထိုးတို့က စားပစ်လိုက်ကြလေပြီ။ ပိုက်ဆံထုတ်ရသူကား ကျွန်ုပ်။ ချက်ပြုတ်ရသူကား ရုံးချာပရာစီဖြစ်ပါလျက် တမင်သက်သက်ဗိုလ်ကျခြင်းဖြစ်သည်ဟု ကျွန်ုပ်နားလည်၏။ သူတို့ယူဆကြပုံရသည်မှာကား စာရေးကြီးဆိုသူသည် မိမိတို့သခင်၏ စာရေးမျှသာဖြစ်၍ ရိုသေဖို့မလိုဟု ထင်ကြပုံရ၏။ သူတို့နှစ်ယောက်ကို လှမ်းကြည့်လိုက်သောအခါ ဖန်ခွက်တိုက်သူကတိုက်၍ စားပွဲခင်းသူက ခင်းလျက်ရှိ၏။ ဆူလိုက်ချင်သည်မှာကား ပြောဖွယ်ရာမရှိချေ။ သို့သော် မင်းကြီး၏လူဖြစ်သောကြောင့် မဆူဝံ့ဘဲ ကျိတ်ခံရသည်တွင် ကျွန်ုပ်သည် အပြစ်အလုံးစုံကို ထိုအလုပ်ပေါ်သို့ပုံချပြီး 'အလကား အလုပ်မျိုးပဲ' ဟု မှတ်ချက်ချလိုက်ပါတော့သည်။ သို့သော် ဤတစ်ခေါက်လွန်ပါစေ။ နောက်တစ်ခေါက်တွင် ဒီလူတွေကို ထမင်းမကျွေးတော့ပြီဟု ဆုံးဖြတ်လိုက်လေ၏။

**ဆက်လက်ဖော်ပြပါမည်။**

## ကျိုက်ထိုမြို့နယ်၌ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် ကိုယ်ဝန်ဆောင်စဉ် မွေးဖွားစဉ်နှင့် မွေးပြီးမိခင်ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာသင်တန်းဖွင့်လှစ်

ကျိုက်ထို ဖေဖော်ဝါရီ ၁၈

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်၌ အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးပြီးမိခင်ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ (မြို့နယ်အဆင့်) သင်တန်းကို ဖေဖော်ဝါရီလ ၁၇ ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခွန်မောင်အိုးက ကိုယ်ဝန်ဆောင်စဉ် တွေ့ကြုံရသည့် နောက်ဆက်တွဲပြဿနာများ၊ အန္တရာယ်လက္ခဏာများကို ရှာဖွေဖော်ထုတ်ခြင်းနှင့်ညွှန်းပို့ခြင်းတို့အား ဆောင်ရွက်တတ်စေရန်၊ ကိုယ်ဝန်ဆောင်စဉ်တွေ့ကြုံရသည့် နောက်ဆက်တွဲပြဿနာများပြုစုကုသခြင်း၊ လိုအပ်လျှင် အတိုင်ပင်ခံနှင့်ဆွေးနွေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းဆိုင်ရာလုပ်ငန်းများကို ပြည့်စုံစွာဆောင်ရွက်တတ်စေရန်၊ မွေးဖွားရန်ကြိုတင်ပြင်ဆင်ခြင်း၊ အရေးပေါ်အခြေအနေများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျမှတ်တမ်းထားရှိရန်နှင့် အစီရင်ခံစာပေးပို့ ဆောင်ရွက်နိုင်ကြရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ထမ်းများအား ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးပြီးမိခင်စောင့်ရှောက်ခြင်းဆိုင်ရာ စာမေးပွဲကိုဖြေဆိုစေပြီး သင်တန်းတွင် သင်ကြားရမည့် ဘာသာရပ်ခုနစ်မျိုးကို ကျန်းမာရေးမှူးအဆင့်(၁) ဦးထွန်းညီညီက ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၄၀ ဦးတက်ရောက်ကြပြီး နည်းပြလေးဦးက နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအထိ လေးရက်ကြာသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## သာသနာရေးဦးစီးဌာနနှင့်ရုရှားအော်သိုဒေါ့ ခရစ်ယာန်အသင်းတော်တို့အကြား သာသနာရေးလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ သဘောတူစာချုပ် (LOA) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားအော်သိုဒေါ့ ခရစ်ယာန်အသင်းတော်တို့အကြား သာသနာရေးလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ သဘောတူစာချုပ် (LOA) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ သံအမတ်ကြီး H.E.Mr. Iskander AZIZOV နှင့် သံရုံးတာဝန်ခံများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရှေ့တောင်အာရှဒေသလုံးဆိုင်ရာစက်ာပူ အော်သိုဒေါ့ ခရစ်ယာန်သာသနာ့ဂိုဏ်းချုပ်၊ His Enineence Sergiy Metropolaitan of Singapore and South-East Asia အရှေ့တောင်အာရှဆိုင်ရာ ရုရှားအော်သိုဒေါ့ ခရစ်ယာန်အသင်းတော်၏ မြန်မာနိုင်ငံဆိုင်ရာ အသင်းတော်တာဝန်ခံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘောတူစာချုပ် (LOA) နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သာသနာရေးလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ သဘောတူစာချုပ် (LOA) လက်မှတ်ရေးထိုးခြင်းကို နှစ်ဖက်တာဝန်ရှိ ကိုယ်စားလှယ်များက အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။




ယင်းနောက်ရုရှားအော်သိုဒေါ့ခရစ်ယာန်အသင်းတော်နှင့် စက်ာပူအော်သိုဒေါ့ ခရစ်ယာန်သာသနာ့ဂိုဏ်းချုပ်ဘုန်းတော်ကြီးတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

## မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ(၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ(၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးက ကော်မတီ၏ လုပ်ငန်းတာဝန်များအား ကော်မတီဝင်များအားလုံးက ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ ၂၀၂၃ ခုနှစ်တွင် တစ်နိုင်ငံလုံးအနေဖြင့် Fire Hotspot ဖြစ်ပေါ်မှု ၅၆၅၀၄ ကြိမ်ရှိပြီး ၂၀၂၄ ခုနှစ်တွင် ၅၁၀၉၁ ကြိမ်ဖြစ်ပေါ်ခဲ့သဖြင့် နှိုင်းယှဉ်ပါက ၅၄၁၃ ကြိမ်လျော့နည်းခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် Fire Hotspot ဖြစ်ပေါ်မှုမှာ မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ၁၂၇၉ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ၁၀၅၇ ကြိမ်ဖြစ်ပေါ်ခဲ့သည့်အတွက် နှိုင်းယှဉ်မည်ဆိုပါက ၂၂၂ ကြိမ် လျော့ကျခဲ့သည်ကို တွေ့ရှိရကြောင်း။

ASMC website မှ ရရှိသည့် Fire Hotspot ဆိုင်ရာအချက်အလက်များအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ၊ ပထမသီတင်းပတ်တွင် ၁၂၃ ကြိမ်၊ ဒုတိယသီတင်းပတ်တွင် ၂၀၁ ကြိမ်၊ တတိယသီတင်းပတ်တွင် ၂၈၆ ကြိမ်နှင့် စတုတ္ထသီတင်းပတ်တွင် ၄၄၇ ကြိမ်ထိ တဖြည်းဖြည်း မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ ရှမ်းပြည်နယ်တွင် ၂၅၅ ကြိမ်ဖြင့် အများဆုံးဖြစ်ပေါ်ခဲ့ပြီး ဒုတိယအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၁၄ ကြိမ်ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နှစ်စဉ် နွေရာသီကာလဖြစ်သည့် မတ်လ၊ ဧပြီလတို့တွင် Hotspot အရေအတွက် ပိုမိုများပြားလာနိုင်သည့်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပညာပေးဆွေးနွေးရေးနှင့် စစ်ဆေးရေးအဖွဲ့များအနေဖြင့် အသိပညာပေးဟောပြောခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းနှင့် လိုက်နာမှုရှိစေရေးဆောင်ရွက်မှုများကို အထူးအလေးထားကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များအနေဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို ပေးပို့ရာတွင် အချက်အလက်၊ ကိန်းဂဏန်း၊ မှတ်တမ်းဓာတ်ပုံများနှင့်တကွ ပေးပို့ကြရန် လိုအပ်ကြောင်း၊ ကုန်းမြင့်လယ်ယာဖော်ထုတ်မှု၊ လယ်ယာထွက်အမှိုက်များအား စုပုံမီးရှို့မှုမရှိစေရေး၊ တောမီးရှို့မှုမရှိစေရေး ပညာပေးဆွေးနွေးမှု စသည့် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျှော့ချနိုင်မည့် လုပ်ငန်းများအား ပိုမိုတိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က ရွှေ့ပြောင်းတောင်ယာစနစ်မှ ကုန်းမြင့်လယ်ယာစနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် နေရာနှင့် ရေအရင်းအမြစ်ရှိပါက ဆိုလာရေတင်စနစ်ကို ဆောင်ရွက်သင့်ကြောင်းနှင့် ကုန်းမြင့်လယ်ယာဆောင်ရွက်လိုသည့်နေရာများရှိပါက နည်းပညာကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များက မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းများနှင့်ပတ်သက်သည့်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်လုပ်ဆောင်မည့် အစီအစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

# မင်းဘူးမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးနှင့် အစားထိုးသုံးစွဲရေး အသိပညာပေးခြင်းဆောင်ရွက်



**မင်းဘူး ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအတွက် ပလတ်စတစ်အိတ်များအစား ဆွေးမြည့်လွယ်သော အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်နှင့် စက္ကူများအား အစားထိုးသုံးစွဲရေး အသိပညာပေးခြင်းလုပ်ငန်းကို မင်းဘူးမြို့နယ် မြို့မစည်ပင်သာယာဈေးကြီးနှစ်ခု၌ ဖေဖော်ဝါရီလ ၁၇ ရက်က ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများဦးဆောင်ပြီး မင်းဘူးမြို့မဈေးနှင့် စကုမြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များ၊ ပွဲရုံကျဈေးသည်များနှင့် ဒေသခံပြည်သူများအား ပလတ်စတစ်သုံးစွဲမှု၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် ပလတ်စတစ်ညစ်ညမ်းမှု ဖြေရှင်းရန်နည်းလမ်းများ၊ ထိန်းချုပ်ခြင်း နည်းလမ်းသဘောတရားများ၊ သုံးစွဲမှုလျှော့ချရန်နည်းလမ်းနှင့် စည်းမျဉ်းများကို အသိပညာပေးဆောင်ရွက်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကာ ပလတ်စတစ်အိတ်များအစား အင်ဖက်၊ ကြာဖက်၊ ငှက်ပျောဖက်၊ စက္ကူများနှင့် အစားထိုးသုံးစွဲရေးကို အသိပညာပေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအသိပညာပေးခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မင်းဘူးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက မြို့နယ်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့မဈေးကြီးများနှင့် လူစည်ကားရာနေရာများတွင် အပတ်စဉ်တနင်္လာနေ့တိုင်း ပလတ်စတစ်အိတ်များသုံးစွဲမှုလျှော့ချရေးနေ့အဖြစ် သတ်မှတ်ပြီး အသိပညာပေးခြင်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

# လှိုင်လင်မြို့နယ် ခေါင်းနွဲ့ကျေးရွာ၌ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**လှိုင်လင် ဖေဖော်ဝါရီ ၁၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် လှိုင်လင်မြို့နယ် ခေါက်နွဲ့ကျေးရွာအုပ်စု ခေါင်းနွဲ့ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ လှိုင်လင်မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းထွေးအောင်က မီးခိုးမြူငွေ့လျှော့ချခြင်း၊ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၊ အိမ်တွင်းညစ်ညမ်းမှုများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ဆောင်ရန်ရှောင်ရန်များကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေပိုးဦးက ပလတ်စတစ်သုံးစွဲမှုလျှော့ချခြင်း၏အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအသိပညာများကို ဟောပြောဆွေးနွေးခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

အဆိုပါ မီးခိုးမြူငွေ့နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ လှိုင်လင်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခေါင်းနွဲ့ကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိန်လွင်(ကျေးလက်)**

# နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင် ပြသခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး


**ပြည် ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်မြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ပြည်မြို့ အခြေခံပညာအထက်တန်းကျောင်း (မူယာပင်)၌ နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ပြသခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၇ ရက်က ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုသန့်က လူငယ်နှင့်အနာဂတ်ရည်မှန်းချက်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာမောင်စိမ့်စမ်း(သဲကုန်း)က စာမေးပွဲအထောက်အကူပြု စာဖတ်နည်းများနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများ အကြောင်းကိုလည်းကောင်း အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နယ်လှည့်ရွှေ့လျားစာကြည့်တိုက် သုံးဘီးယာဉ်ဖြင့် ခင်းကျင်းပြသထားသည့် သုတ/ရသ စာအုပ်စာစောင်များ၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်သိမှတ်ဖွယ် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**




# ပြည်မြို့နယ်ရှိ အိုင်ကျောင်းကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ပြည် ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အိုင်ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီလ ၁၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာလုပ်ငန်းကော်မတီဝင်များနှင့်အတူ အိုင်ကျောင်းကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီးနောက် မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် အိုင်ကျောင်းကုန်းကျေးရွာ၌ အရှည် ပေ ၂၀၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်းမြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေ ငွေကျပ် ၆ ဒသမ ၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုညို(ကျေးလက်)**

# ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ**

**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၄ / ၂၀၂၅ )**

**၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**

**( ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကိုဆိုသည်။

( ခ ) **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု** ဆိုသည်မှာ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ရုံး၊ နေအိမ်၊ သိုလှောင်ရုံ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ ဘဏ်၊ ကျောင်း၊ ဈေး၊ ဆေးရုံ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ အများပြည်သူဆိုင်ရာအခမ်းအနား သို့မဟုတ် သာသနိကနေရာအပါအဝင် မည်သည့်နေရာတွင်မဆို လူပုဂ္ဂိုလ်နှင့်ပစ္စည်းလုံခြုံရေးအတွက် ပုဂ္ဂလိကဆောင်ရွက်သည့် ဝန်ဆောင်မှုကို ဆိုသည်။

( ဂ ) **ဝန်ဆောင်မှုရယူသူ** ဆိုသည်မှာ လိုင်စင်ရရှိသူထံမှ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ရယူသူကိုဆိုသည်။

(ဃ) **လိုင်စင်** ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို အခကြေးငွေရယူ၍ လုပ်ကိုင်ရာတွင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခြင်းကိုပါဆောင်ရွက်နိုင်သည့် ဤဥပဒေအရ ခွင့်ပြုပေးသောလိုင်စင်ကို ဆိုသည်။

( င ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် ၁၀ ဦးထက်ပိုသော ပုဂ္ဂလိကလုံခြုံရေး ဝန်ထမ်းခန့်အပ်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသောခွင့်ပြုမိန့်ကိုဆိုသည်။

( စ ) **ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း** ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးရန် သတ်မှတ်ချက်များနှင့်အညီ ခန့်ထားသည့်ဝန်ထမ်းကို ဆိုသည်။ ယင်းစကားရပ်တွင် ခွင့်ပြုမိန့်ရရှိသူက လုံခြုံရေးတာဝန်ထမ်းဆောင်ရန် သတ်မှတ်ချက်များနှင့်အညီ ခန့်ထားသည့် ဝန်ထမ်းလည်း ပါဝင်သည်။

(ဆ) **လုံခြုံရေးအထောက်အကူပြု**ပစ္စည်းဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတွင် အသုံးပြုရန် တည်ဆဲဥပဒေများနှင့်အညီ ဗဟိုကော်မတီက ခွင့်ပြုထားသော ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ နည်းပညာဆိုင်ရာလုံခြုံရေးအထောက်အကူပြု ပစ္စည်းများနှင့် လုံခြုံရေးနှင့်သက်ဆိုင်သောပစ္စည်းများကို ဆိုသည်။

( ဇ ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

( ဈ ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီကို ဆိုသည်။

(ည) **ကြီးကြပ်ကွပ်ကဲရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုသည် နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးတို့ကို အထောက်အကူပြုစေရန်၊

( ခ ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအား နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများနှင့်စနစ်တကျ ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

( ဂ ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်သက်ဆိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကို လွဲမှားစွာအသုံးပြုခြင်းမရှိစေရေး စနစ်တကျကြီးကြပ်နိုင်ရန်၊

( င ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

**အခန်း(၃)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| ( ၁ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ၂ ) | ရဲချုပ် | ဒုတိယဥက္ကဋ္ဌ |
| | ပြည်ထဲရေးဝန်ကြီးဌာန | |
| ( ၃ ) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၄ ) | ညွှန်ကြားရေးမှူးချုပ်<br>သတင်းအချက်အလက်နှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၅ ) | ကာကွယ်ရေးဝန်ကြီးဌာနမှ<br>ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| ( ၆ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၇ ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၈ ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၉ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၆) | ရဲဦးစီးအရာရှိချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

( ခ ) လိုအပ်ပါက ဗဟိုကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒချမှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

( ခ ) ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း၊

( ဂ ) လိုအပ်သည့် လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဃ) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခွင့်ပြုရန် ကြီးကြပ်ကွပ်ကဲရေးကော်မတီမှတစ်ဆင့်တင်ပြပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( င ) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုတွင် အသုံးပြုရန်လိုအပ်သည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းတို့နှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

( စ ) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရာတွင် လိုအပ်ချက်အရ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လျှောက်ထားလာပါက အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသို့ တင်ပြ၍ သဘောထားရယူခြင်း၊

(ဆ) လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးကြေး၊ ဝန်ဆောင်ခ၊ လိုင်စင်စည်းကမ်းချက်များနှင့် ခွင့်ပြုမိန့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

**စာမျက်နှာ ၈ သို့**

❒ စာမျက်နှာ ၇ မှအဆက်

(ဈ) လိုင်စင်ပိတ်သိမ်းခြင်း၊ လိုင်စင်ပယ်ဖျက်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ဉ) လိုင်စင်လျှောက်ထားခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် တင်ပြမှုအပေါ် စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ည) ခွင့်ပြုမိန့်လျှောက်ထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် တင်ပြမှုအပေါ် စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဋ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ပေါ်ထွန်းလာစေရန် အားပေးကူညီခြင်း၊

(ဍ) လိုင်စင်ရရှိသူ၏ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း ဖွဲ့စည်းမှုအင်အားကို စိစစ်ခွင့်ပြုခြင်း၊

(ဎ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို အတည်ပြုပေးခြင်း၊

(ဏ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအတွက် ပေးဆောင်ရမည့်အခကြေးငွေကို အခါအားလျော်စွာ သတ်မှတ်ပေးခြင်း၊

(တ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၄)
## ကြီးကြပ်ကွပ်ကဲရေးကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ဗဟိုကော်မတီသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ကွပ်ကဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မန်နေဂျာ<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး<br>ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ<br>ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး<br>မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိ<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၁၄) | ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်)<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

(ခ) ပြည်ထောင်စုနယ်မြေကြီးကြပ်ကွပ်ကဲရေးကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီဥက္ကဋ္ဌက<br>တာဝန်ပေးအပ်သည့်ကောင်စီဝင် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယအထွေထွေမန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>နေပြည်တော် | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၄) | နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ<br>ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (၅) | အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူး<br>မီးသတ်ဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုနယ်မြေအခွန်ဦးစီးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၁၂) | ဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန<br>နေပြည်တော် | အဖွဲ့ဝင် |
| (၁၃) | တပ်ဖွဲ့မှူး<br>နေပြည်တော်ရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၁၄) | ဦးစီးအရာရှိ (ပထမတန်း)(ဦး၊ ရေး၊ ထောက်)<br>နေပြည်တော်ရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

(ဂ) လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ပြည်ထောင်စု နယ်မြေ ကြီးကြပ်ကွပ်ကဲရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လိုင်စင်လျှောက်ထားခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့တင်ပြခြင်း၊

(ခ) ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်နှင့်အညီ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုး ပေးခြင်း၊

(ဂ) စည်းကမ်းဖောက်ဖျက်သော သို့မဟုတ် သတ်မှတ်ချက်နှင့်ညီညွတ်မှုမရှိသော ပုဂ္ဂလိကလုံခြုံ ရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခြင်း၊

(ဃ) လိုင်စင်ရရှိသူများ စနစ်တကျဝန်ဆောင်မှုပေးနိုင်ရေးနှင့် စည်းကမ်းတကျဖြစ်စေရေးအတွက် ကွင်းဆင်းစစ်ဆေးကြပ်မတ်ခြင်း၊

(င) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခွင့်ပြုရန် တင်ပြသည့်အခါ သတ်မှတ်ချက်နှင့်အညီ စိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(စ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းတွင် လေ့ကျင့်သင်ကြားမှုများကို စစ်ဆေးခြင်းနှင့် လိုအပ်ပါက သင်တန်းပို့ချပေးခြင်း၊

(ဆ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဇ) လိုင်စင်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းတို့နှင့်စပ်လျဉ်း၍ လိုင်စင်မိတ္တူ လျှောက်ထားမှု အပေါ်စိစစ်၍ ခွင့်ပြုခြင်း၊

(ဈ) ခွင့်ပြုမိန့်လျှောက်ထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့တင်ပြခြင်း၊

(ည) ခွင့်ပြုမိန့်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းတို့နှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်မိတ္တူ လျှောက်ထားမှု အပေါ်စိစစ်၍ ခွင့်ပြုခြင်း၊

(ဋ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အားပြောင်းလဲမှုကို တင်ပြသည့်အခါ ဗဟိုကော်မတီသို့ အကြံပြု တင်ပြခြင်း၊

(ဌ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာတာဝန် များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)
## လိုင်စင်လျှောက်ထားခြင်း

၈။ လိုင်စင်လျှောက်ထားသူသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

(ခ) နိုင်ငံခြားကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ရရှိပြီး ဖြစ်ရမည်။

(ဂ) နိုင်ငံတော်၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေသည့် ကျော်စောသတင်းရှိသော ကုမ္ပဏီ မဖြစ်စေရ။

စာမျက်နှာ ၉ သို့ ❒

❒ စာမျက်နှာ ၈ မှအဆက်

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေစဉ်အတွင်း လုပ်ငန်းအာမခံအဖြစ် မြန်မာ့စီးပွားရေးဘဏ်၌ အနည်းဆုံး ငွေကျပ်သိန်းတစ်ထောင်၊ နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ငွေကျပ် သိန်းတစ်ထောင်နှင့်ညီမျှသည့် နိုင်ငံခြားသုံးငွေကို စာရင်းသေအပ်ငွေအဖြစ် အပ်နှံထားရှိရမည်။

၉။ လိုင်စင်လျှောက်ထားလိုသူသည် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ အောက်ပါအချက်အလက်များ ဖော်ပြလျှောက်ထားရမည်-

(က) လျှောက်ထားသူ၏ အမည်၊
(ခ) ကိုယ်ရေးအကျဉ်း၊
(ဂ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ၊
(ဃ) ကုမ္ပဏီအမှတ်တံဆိပ်၊
(င) ဒါရိုက်တာအဖွဲ့အမည်စာရင်း၊
(စ) ကုမ္ပဏီ၏ ရည်ရွယ်ချက်၊
(ဆ) ကုမ္ပဏီ၏ လုပ်ငန်းစဉ်၊
(ဇ) ခန့်ထားလိုသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား(ကျား၊ မ)နှင့် လုံခြုံရေးဝန်ထမ်း၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊
(ဈ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ် အဆိုပြုအမျိုးအစားသုံးမျိုး၊
(ည) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း အတွေ့အကြုံဆိုင်ရာ အထောက်အထားအချက်အလက်များ၊
(ဋ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် တစ်လအတွင်းထုတ်ယူထားသော ကုမ္ပဏီ၏ဆောင်ရွက်မှုကောက်နုတ်ချက်မိတ္တူမှန်များ၊
(ဌ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း အာမခံငွေအတွက် အထောက်အထားမိတ္တူမှန်၊
(ဍ) သီးခြားတင်ပြချက်(ရှိလျှင်)၊(ဥပမာ- လက်နက်ခဲယမ်းကိုင်ဆောင်အသုံးပြုမည့် ကုမ္ပဏီ ဟုတ်၊ မဟုတ်)
(ဎ) လျှောက်ထားသည့်ရက်စွဲ၊
(ဏ) ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့်အချက်အလက်များ။

၁၀။ နိုင်ငံခြားကုမ္ပဏီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်လိုပါက လိုင်စင်ရရှိရန် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ ပုဒ်မ ၉ ပါသတ်မှတ်ချက်များအပြင် ကုမ္ပဏီရုံးချုပ်တည်ရှိသည့် နိုင်ငံ၏အမည်ကို ဖော်ပြလျှောက်ထားရမည်။

၁၁။ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့နှင့်အညီ လိုင်စင်လျှောက်ထားပါက-

(က) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။
(ခ) ဗဟိုကော်မတီသည် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ဂ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ဗဟိုကော်မတီက လိုင်စင်ထုတ်ပေးရန် ခွင့်ပြုလျှင် လျှောက်ထားသူကို သတ်မှတ်ထားသည့် လိုင်စင်ကြေးပေးသွင်းစေပြီး လိုင်စင်ထုတ်ပေးရမည်။
(ဃ) ပုဒ်မခွဲ(ခ)အရ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၁၂။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်ပေးသည့်နေ့ရက်မှစ၍ သုံးနှစ်ဖြစ်သည်။

၁၃။ (က) လိုင်စင်ရရှိသူသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ လိုင်စင်သက်တမ်းတိုးလျှောက်ထားပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် သတ်မှတ်ချက်များနှင့်အညီစိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။
(ဂ) သက်တမ်းတိုးရန်ပျက်ကွက်ပါက လိုင်စင်သက်တမ်းကုန်ဆုံးသည့် နေ့ရက်မှစ၍ လိုင်စင်အားပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၄။ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဂ)အရ လိုင်စင်ပယ်ဖျက်ခြင်းခံရသူသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့နှင့်အညီ လိုင်စင်အသစ်ထပ်မံလျှောက်ထားနိုင်သည်။

၁၅။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း ဖြစ်ပေါ်ခဲ့လျှင် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်မိတ္တူလျှောက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ပုဒ်မခွဲ(က)အရ လိုင်စင်မိတ္တူ လျှောက်ထားပါက စိစစ်၍ သတ်မှတ်ထားသည့် ဝန်ဆောင်ခကိုပေးသွင်းစေပြီး လိုင်စင်မိတ္တူထုတ်ပေးရမည်။

## အခန်း(၆)
## လိုင်စင်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

၁၆။ လိုင်စင်ရရှိသူသည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။
(ခ) ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။
(ဂ) နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရသည့်အခါ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများ၏ အစီအမံအတိုင်း စနစ်တကျပူးပေါင်းဆောင်ရွက်ရမည်။
(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူအားစိစစ်ရွေးချယ်ခန့်ထားရမည်-
(၁) အသက် ၁၈ နှစ်ပြည့်ပြီးသူ၊
(၂) ကျန်းမာရေးကောင်းမွန်ပြီး လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်သူ၊
(၃) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ထုတ်ပေးသည့် အလုပ်သမားမှတ်ပုံတင်ကတ်ပြား ကိုင်ဆောင်ထားသူ၊
(၄) ပြစ်မှုကင်းရှင်းကြောင်း ရက်ပေါင်း ၃၀ အတွင်း ရယူထားသော ထောက်ခံချက်နှင့် ကိုယ်တိုင်ဝန်ခံချက်၊
(၅) ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်ထားသည့်အရည်အချင်း ပျက်ယွင်းခြင်း မရှိသူ။
(င) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် ခန့်အပ်ရန် ရွေးချယ်ထားသူများကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းသို့ တက်ရောက်စေရမည်။
(စ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် နိုင်ငံခြားသားဖြစ်ပါက-
(၁) အလုပ်သမားဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီသူဖြစ်ရမည်။
(၂) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာနိုင်ငံ၏ ထောက်ခံချက်ရရှိသူဖြစ်ရမည်။
(၃) ပြည်ပနိုင်ငံတစ်ခုခု၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်မဟုတ်သူ ဖြစ်ရမည်။
(ဆ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းထံမှ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ နည်းပညာနှင့် အထောက်အကူပြုပစ္စည်းများ အကူအညီရယူလိုပါက ယင်းအဖွဲ့အစည်းဆိုင်ရာ အချက်အလက်များနှင့်အတူ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီ၏ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။
(ဇ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကုမ္ပဏီအမည်၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးမည့် နေရာ၊ တာဝန်ချထားမည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းဦးရေ၊ ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုဆောင်ရွက်မည့် အချိန်ကာလတို့ကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။
(ဈ) လိုင်စင်ကို ကုမ္ပဏီရုံးခန်းတွင် အများပြည်သူ မြင်သာသည့်နေရာ၌ ချိတ်ဆွဲထားရမည်။
(ည) အုပ်ချုပ်မှုဒါရိုက်တာ ပြောင်းလဲခြင်း၊ ရုံးခန်းနေရာပြောင်းရွှေ့ခြင်းကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီဆောင်ရွက်ပြီး သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။
(ဋ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံနှင့် တာဝန်ထမ်းဆောင်မှုမှတ်တမ်းကို စနစ်တကျမှတ်တမ်းထားရှိရမည်။
(ဌ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား တိုးမြှင့်ခန့်ထားခြင်း သို့မဟုတ် လျှော့ချခြင်းကြောင့် ပြောင်းလဲမှုရှိပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။
(ဍ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းများ လိုက်နာရမည့်စည်းကမ်းချက်များနှင့် စည်းကမ်းဖောက်ဖျက်ပါက အရေးယူဆောင်ရွက်မည့်အချက်များကို သတ်မှတ်ထားရှိရမည်။
(ဎ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းက တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သိရှိပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားရမည်။
(ဏ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက လိုင်စင်ပိတ်သိမ်းခွင့်ပြုရန် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။
(တ) ဗဟိုကော်မတီက အခါအားလျော်စွာသတ်မှတ်သော လိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

၁၇။ လိုင်စင်ရရှိသူသည် နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် မြန်မာနိုင်ငံသားအနည်းဆုံး ၇၅ ရာခိုင်နှုန်း ခန့်ထားရမည်။

၁၈။ လိုင်စင်ရရှိသူသည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရာတွင် ဝန်ဆောင်မှုရယူသူနှင့် သဘောတူစာချုပ်ချုပ်ဆိုပြီး အခကြေးငွေရယူ၍ ဝန်ဆောင်မှုပေးနိုင်သည်။
(ခ) ဗဟိုကော်မတီက ခွင့်ပြုထားသော ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ နည်းပညာဆိုင်ရာ လုံခြုံရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းကို ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် တည်ဆဲဥပဒေများ၊ လိုင်စင်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။
(ဂ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအား ဗဟိုကော်မတီက အတည်ပြုပေးထားသည့် ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို တာဝန်ချိန်တွင် ဝတ်ဆင်အသုံးပြုစေရမည်။
(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းဖွင့်လှစ်လိုပါက သင်ရိုးညွှန်းတမ်း၊ ပို့ချမည့်ဘာသာရပ်၊ သင်တန်းကာလ၊ သင်တန်းအချိန်ဇယား၊ လေ့ကျင့်ပို့ချမည့်နေရာတို့ကို ဖော်ပြ၍ သင်တန်းဖွင့်လှစ်ခွင့်ပြုရန် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

၁၉။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခွင့်ရရှိသူသည် လေ့ကျင့်သင်ကြားရေးနှင့်စပ်လျဉ်း၍-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းနည်းပြခန့်အပ်ရာတွင် လုံခြုံရေးနှင့် ဆက်စပ်သောလုပ်ငန်းများ၌ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိသူကို ခန့်အပ်ရမည်။
(ခ) သင်တန်းနည်းပြသည် နည်းပညာပိုင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ်အလိုက် အသိအမှတ်ပြုလက်မှတ်ရရှိထားသူ ဖြစ်ရမည်။
(ဂ) ပို့ချမည့်သင်ခန်းစာအလိုက် သင်တန်းနည်းပြများကို လုံလောက်စွာစီမံထားရှိရမည်။
(ဃ) ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် လုံခြုံရေးဝန်ထမ်းကိုလည်း ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းတွင် တက်ရောက်ခွင့်ပြုရန် ညှိနှိုင်းလာပါက ခွင့်ပြုနိုင်သည်။
(င) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းပြီးဆုံးပါက သင်တန်းတက်ရောက် အောင်မြင်ပြီးကြောင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်။ စာမျက်နှာ ၁၀ သို့ ❒

❒ စာမျက်နှာ ၉ မှအဆက်

၂၀။ လိုင်စင်ရရှိသူသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရာတွင် လိုအပ်ချက်အရ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းကိုင်ဆောင်ခွင့်နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် လက်နက်ဥပဒေ၊ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၇)
## ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့် ခွင့်ပြုမိန့်ရရှိသူ၏တာဝန်များ

၂၁။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးရန်မဟုတ်ဘဲ ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် စုစုပေါင်း ၁၀ ဦးထက်ပိုသော လုံခြုံရေးဝန်ထမ်းခန့်ထားလိုသူသည် အောက်ပါအချက်အလက်များဖော်ပြ၍ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ ခွင့်ပြုမိန့်လျှောက်ထားရမည်-

(က) လျှောက်ထားသူ၏အမည်၊

(ခ) ကိုယ်ရေးအကျဉ်း၊

(ဂ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ် လိပ်စာ၊

(ဃ) လုပ်ငန်းအမည်နှင့် အမျိုးအစား၊

(င) လုပ်ငန်းနှင့်ပတ်သက်သည့် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လိုအပ်ပါက အဆိုပါလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်၊

(စ) လုပ်ငန်းတည်နေရာ၊ ဆက်သွယ်ရန် လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ အပြည့်အစုံ၊

(ဆ) ခန့်ထားလိုသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား(ကျား၊ မ)နှင့် လုံခြုံရေးဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊

(ဇ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ် အဆိုပြုအမျိုးအစားသုံးမျိုး၊

(ဈ) လျှောက်ထားသည့်ရက်စွဲ၊

(ည) ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့်အချက်အလက်များ။

၂၂။ ပုဒ်မ ၂၁ နှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားလာပါက-

(က) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ခွင့်ပြုမိန့်လျှောက်ထားချက်အား သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

(ခ) ဗဟိုကော်မတီသည် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ဗဟိုကော်မတီက ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုလျှင် လျှောက်ထားသူကို သတ်မှတ်ထားသည့် ဝန်ဆောင်ခပေးသွင်းစေပြီး ခွင့်ပြုမိန့်ထုတ်ပေးရမည်။

၂၃။ ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် ပုဒ်မ ၁၆ ပုဒ်မခွဲ(ဃ)ပါ အရည်အချင်းများနှင့်ကိုက်ညီသူများကိုသာ ရွေးချယ်ခန့်ထားရမည်။

(ခ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် လိုင်စင်ရရှိသူက ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းသို့ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ရမည်။

(ဂ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား တိုးမြှင့်ခန့်ထားခြင်း သို့မဟုတ် လျှော့ချခြင်းကြောင့် ပြောင်းလဲမှုရှိပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအား ဗဟိုကော်မတီက အတည်ပြုပေးထားသည့် ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို တာဝန်ချိန်တွင် ဝတ်ဆင်အသုံးပြုစေရမည်။

(င) ခွင့်ပြုမိန့်ကို မိမိလုပ်ငန်းနေရာတွင် အများပြည်သူမြင်သာသည့်နေရာ၌ ချိတ်ဆွဲထားရမည်။

(စ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းတစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံနှင့် တာဝန်ထမ်းဆောင်မှုမှတ်တမ်းကို စနစ်တကျမှတ်တမ်းထားရှိရမည်။

(ဆ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း လိုက်နာရမည့်စည်းကမ်းချက်များနှင့် စည်းကမ်းဖောက်ဖျက်ပါက အရေးယူဆောင်ရွက်မည့်အချက်များကို သတ်မှတ်ထားရှိရမည်။

(ဇ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို တာဝန်ချပေးထားသည့် ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲ၏ တည်နေရာနှင့် တာဝန်ချထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းဦးရေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။

(ဈ) ဗဟိုကော်မတီက အခါအားလျော်စွာသတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာရမည်။

၂၄။ ခွင့်ပြုမိန့်၏ သက်တမ်းသည် ခွင့်ပြုမိန့်ထုတ်ပေးသည့်နေ့ရက်မှစ၍ သုံးနှစ်ဖြစ်သည်။

၂၅။ (က) ခွင့်ပြုမိန့်ရရှိသူသည် ၁၀ ဦးထက်ပိုသော ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို ဆက်လက် ခန့်ထားလိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ ကြီးကြပ်ကွပ်ကဲရေး ကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် သတ်မှတ်ချက်များနှင့်အညီစိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

(ဂ) သက်တမ်းတိုးရန်ပျက်ကွက်ပါက ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့် နေ့ရက်မှစ၍ ခွင့်ပြုမိန့်အား ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၆။ ပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ)အရ ခွင့်ပြုမိန့်ပယ်ဖျက်ခြင်းခံရသူသည် ပုဒ်မ ၂၁ နှင့်အညီ ခွင့်ပြုမိန့်ကို ထပ်မံလျှောက်ထားနိုင်သည်။

၂၇။ (က) ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပေါ်ခဲ့လျှင် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်မိတ္တူလျှောက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ပုဒ်မခွဲ(က)အရ ခွင့်ပြုမိန့်လျှောက်ထားလာပါက စိစစ်၍ သတ်မှတ်ထားသည့်ဝန်ဆောင်ခကိုပေးသွင်းစေပြီး ခွင့်ပြုမိန့်မိတ္တူထုတ်ပေးရမည်။

## အခန်း(၈)
## ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၂၈။ (က) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည်-

(၁) သက်ဆိုင်ရာပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီ၊ ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲက တာဝန်ပေးသည့်နေရာတွင်သာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကို ဆောင်ရွက်ရမည်။

(၂) သတ်မှတ်ထားသည့် ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို တာဝန်ချိန်တွင် ပြည့်စုံစွာဝတ်ဆင်ရမည်။

(၃) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်ရာတွင် လိုင်စင်ရရှိသူက သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းကိုသာ ကိုင်ဆောင်ရမည်။

(၄) လုပ်ငန်းလိုအပ်ချက်အရ လိုင်စင်ရရှိသူက သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းကို လက်နက်ဥပဒေ၊ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူ၊ တည်ဆဲဥပဒေများနှင့်အညီ ကိုင်ဆောင်ရမည်။

(၅) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်နေသည့် နေရာ၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်အတွင်း ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရန်လိုအပ်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ပြီး နီးစပ်ရာရဲစခန်းသို့ ချက်ချင်းအကြောင်းကြားခြင်းနှင့် အပ်နှံခြင်းပြုရမည်။

(၆) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးနေသည့် လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေပါက ရာဇသတ်ကြီးနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်။

(၇) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အတွင်း နိုင်ငံတော်၏လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် သတင်းတစ်စုံတစ်ရာကို ရရှိလျှင် အနီးဆုံးရဲစခန်းသို့ သတင်းပေးပို့ရမည်။

(ခ) ခွင့်ပြုမိန့်ရရှိသူက ခန့်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည် ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃)နှင့် (၄)တို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း(၉)
## အငြင်းပွားမှုများ ဖြေရှင်းခြင်း

၂၉။ လိုင်စင်ရရှိသူနှင့် ဝန်ဆောင်မှုရယူသူတို့အကြား အငြင်းပွားမှုပေါ်ပေါက်လာပါက-

(က) နှစ်ဦးနှစ်ဖက် ဦးစွာညှိနှိုင်းဖြေရှင်းဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ညှိနှိုင်းဖြေရှင်း၍မရပါက စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်သည်။

## အခန်း(၁၀)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၀။ (က) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် လိုင်စင်ရရှိသူက ပုဒ်မ ၁၆ တွင် ဖော်ပြထားသည့် တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၂၃ တွင် ဖော်ပြထားသည့် တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန်ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) သတိပေးခြင်း၊

(၂) သတ်မှတ်ချက်များနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(၃) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့်ဆိုင်းငံ့ခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ထပ်မံပျက်ကွက်ပါက လိုင်စင်ကိုပယ်ဖျက်ခြင်း၊ ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း သို့မဟုတ် အမည်ပျက်စာရင်းထည့်သွင်းပြီး လိုင်စင်ကိုပယ်ဖျက်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကိုရုပ်သိမ်းခြင်း ပြစ်ဒဏ်ချမှတ်ရမည်။

၃၁။ ပုဒ်မ ၃၀ အရ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီက ချမှတ်သောအမိန့်ကို ကျေနပ်မှု မရှိသူသည် ယင်းအမိန့်ကို ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ အယူခံဝင်နိုင်သည်။

၃၂။ ဗဟိုကော်မတီသည် ပုဒ်မ ၃၁ အရ အယူခံမှုအပေါ်လိုအပ်ပါက စုံစမ်းစစ်ဆေးမှုထပ်မံပြုလုပ်ပြီး သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၃။ ပုဒ်မ ၃၂ အရ ချမှတ်သော ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၁၁)
## တားမြစ်ချက်များ

၃၄။ မည်သူမျှ-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

(ခ) ခွင့်ပြုမိန့်မရှိဘဲ ကိုယ်ပိုင်လုပ်ငန်းနှင့် လုပ်ငန်းခွဲအတွက် လုံခြုံရေးဝန်ထမ်းစုစုပေါင်း ၁၀ ဦးထက်ပို၍ခန့်ထားခြင်း မပြုရ။

၃၅။ လိုင်စင်ရရှိသူသည် ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် လက်ဝယ်ထားခြင်းမပြုရ။

၃၆။ မည်သူမျှ -

(က) လိုင်စင်လျှောက်ထားရာတွင် အချက်အလက်များကို မမှန်မကန်ဖော်ပြခြင်းမပြုရ။

(ခ) လိုင်စင်ပါလုပ်ငန်းနှင့်စပ်လျဉ်း၍ မမှန်မကန်ကြော်ငြာခြင်းမပြုရ။

၃၇။ လိုင်စင်ရရှိသူသည် လိုင်စင်အရဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းဖွင့်လှစ်ခြင်း လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ လိုင်စင်ကိုဖြစ်စေ အခြားသူအားရောင်းချခြင်း၊

စာမျက်နှာ ၁၁ သို့ ❒

❒ စာမျက်နှာ ၁၀ မှအဆက်

ငှားရမ်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ။

၃၈။ လိုင်စင်ရရှိသူသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းကို လူနေထူထပ်သောမြို့ပြဖရိယာအတွင်းဖွင့်လှစ်ခြင်းမပြုရ။

၃၉။ လိုင်စင်ရရှိသူမည်သူမျှ -

(က) မိမိပိုင်ဆိုင်သော လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ။

(ခ) ဝန်ဆောင်မှုရယူသူထံမှ ရရှိထားသော သတင်းနှင့်အချက်အလက်များကို အခြားသူထံသို့ ထုတ်ဖော်ပြောဆိုခြင်း၊ အသိပေးခြင်း သို့မဟုတ် ဆက်သွယ်ပေးပို့ခြင်းမပြုရ။

(ဂ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းအတွက် ကြော်ငြာစာ သို့မဟုတ် ပုံနှိပ်စာရွက်စာတမ်းတစ်ခုခုကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကဲ့သို့ ဆင်တူယိုးမှားဖော်ပြခြင်းမပြုရ။

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်ရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်ကဲ့သို့ အယောင်ဆောင်ခြင်း သို့မဟုတ် မိမိတာဝန်ပေးအပ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကယင်းကဲ့သို့ အယောင်ဆောင်စေရန်ခွင့်ပြုခြင်း၊ ကူညီခြင်း၊ အားပေးခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းမပြုရ။

(င) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ သို့မဟုတ် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းတစ်ခုခုက နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းနှင့်ပူးပေါင်းဆောင်ရွက်ရန် အကြောင်းကြားပါက ငြင်းပယ်ခြင်းမပြုရ။

(စ) ခွင့်ပြုထားခြင်းမရှိသည့် ဝတ်စုံ၊ တံဆိပ်နှင့်အဆင့်တံဆိပ်၊ လုံခြုံရေးအထောက်အကူပြုပစ္စည်း သို့မဟုတ် ယာဉ်ကို သုံးစွဲခြင်းမပြုရ သို့မဟုတ် မိမိတာဝန်ပေးအပ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအား သုံးစွဲစေရန်ခွင့်မပြုရ။

၄၀။ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည်-

(က) ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေစဉ် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိုထိခိုက်စေသည့်သတင်းတစ်စုံတစ်ရာကိုရရှိလျှင် အနီးဆုံးရဲစခန်းသို့ သတင်းပို့ရန်ပျက်ကွက်ခြင်းမရှိစေရ။

(ခ) နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း လိမ်လည်ပြောဆိုခြင်း၊ အယောင်ဆောင်ခြင်း သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုမူပြောဆိုခြင်းမပြုရ။

(ဂ) သတ်မှတ်ခွင့်ပြုထားသည့် ဝတ်စုံ၊ လုံခြုံရေးအထောက်အကူပြုပစ္စည်းနှင့်ယာဉ်တို့ကို တာဝန်နှင့်သက်ဆိုင်ခြင်းမရှိသည့်နေရာတွင်ဖြစ်စေ၊ လုပ်ငန်းများတွင်ဖြစ်စေ အသုံးပြုခြင်းမပြုရ။

(ဃ) မိမိကိုပေးအပ်ထားသည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ။ အခြားသူတစ်ဦးဦး၏ လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ငှားယူခြင်းမပြုရ။

(င) ဝန်ဆောင်မှုရယူသူထံမှရရှိထားသော သတင်းနှင့်အချက်အလက်များကို အခြားသူထံသို့ ထုတ်ဖော်ပြောဆိုခြင်း၊ အသိပေးခြင်း သို့မဟုတ် ဆက်သွယ်ပေးပို့ခြင်းမပြုရ။

၄၁။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲများအတွက် ခန့်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို အခြားသူတစ်ဦးဦးအတွက် လုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း သို့မဟုတ် ဆက်သွယ်ပေးပို့ခြင်းမပြုရ။

(ခ) ခွင့်ပြုမိန့်ကို အခြားသူအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ။

**အခန်း(၁၂)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၄၂။ မည်သူမဆို ပုဒ်မ ၃၄ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကျပ်သိန်းတစ်ရာထိ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ် အနည်းဆုံး ကျပ်သိန်းတစ်ထောင်မှ အများဆုံး ကျပ်သိန်းသုံးထောင်ထိ ချမှတ်ရမည်။

၄၃။ မည်သူမဆို ပုဒ်မ ၃၄ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ ၄၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံးကျပ်သိန်းတစ်ရာမှ အများဆုံး ကျပ်သိန်းငါးရာထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၄။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ကျပ်သိန်းငါးရာထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ် အနည်းဆုံး ကျပ်သိန်းငါးရာမှ အများဆုံး ကျပ်သိန်းတစ်ထောင်ထိချမှတ်ရမည်။

၄၅။ လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၃၈ သို့မဟုတ် ပုဒ်မ ၃၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ်သိန်းငါးရာထိ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ်အနည်းဆုံး ကျပ်သိန်းငါးရာမှ အများဆုံး ကျပ်သိန်းတစ်ထောင်ထိ ချမှတ်ရမည်။

၄၆။ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း မည်သူမဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ကျပ်သုံးသိန်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**အခန်း(၁၃)**

**အထွေထွေ**

၄၇။ လိုင်စင်ရရှိသူ၊ ဝန်ဆောင်မှုရယူသူ၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရာတွင်ဖြစ်စေ၊ ဝန်ဆောင်မှုရယူရာတွင်ဖြစ်စေ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊ ဥပဒေနှင့်ဆန့်ကျင်သောလုပ်ငန်းများလုပ်ကိုင်ခြင်း၊ လုပ်ကိုင်ရန်စေခိုင်းခြင်း၊ အားထုတ်ခြင်း၊ အားပေးခြင်း၊ ကူညီခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းပြုလျှင် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၄၈။ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး တရားရုံးက ငွေဒဏ်ချမှတ်ခြင်းခံရလျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီက စီမံခန့်ခွဲရေးနည်းလမ်းအရ ဒဏ်ကြေးငွေပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင်သော်လည်းကောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းရန်သတ်မှတ်ထားသော နိုင်ငံခြားငွေအမျိုးအစားများဖြင့် စာရင်းလွှဲပြောင်းနည်းကို အသုံးပြု၍နိုင်ငံတော်၏ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးဆောင်ရမည်။

၄၉။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လျက်ရှိသူသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ခြောက်လအတွင်း သတ်မှတ်ချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၅၀။ ဤဥပဒေမပြဋ္ဌာန်းမီက ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် ၁၀ ဦးထက်ပိုသော ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားသူသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှစ၍ ခြောက်လအတွင်း သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားရမည်။

၅၁။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်ခြင်းသည် တရားမကြောင်းအရလည်းကောင်း၊ ရာဇဝတ်ကြောင်းအရလည်းကောင်း အရေးယူခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၅၂။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ကိုင်သည့်ကုမ္ပဏီသည် အခွန်ဆိုင်ရာကိစ္စအရပ်ရပ်ကို သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၅၃။ လိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူသည် ဗဟိုကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၅၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ်သတ်မှတ်သည်။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဟိုပုံးမြို့နယ်၌ ပြန်ကြားရေးဝန်ကြီးဌာနမှပေးအပ်သော DTH စလောင်းများနှင့် Set Top Box များခွဲဝေပေးအပ်



ဟိုပုံး ဖေဖော်ဝါရီ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာနမှပေးအပ်သော DTH စလောင်းများနှင့် Set Top Box များ ခွဲဝေပေးအပ်ပွဲကို ဖေဖော်ဝါရီလ ၁၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ထိုသို့ပေးအပ်ရာတွင် ဌာနဆိုင်ရာရုံးများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပရဟိတကျောင်းများနှင့် စာကြည့်တိုက်များသို့ ပြန်ကြားရေးဝန်ကြီးဌာနမှပေးအပ်သော DTH စလောင်းသုံးစုံနှင့် Set Top Box ၂၂ လုံးတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အတွင်းရေးမှူး ရဲမှူးငွေအောင်တို့က သက်ဆိုင်ရာတာဝန်ရှိသူများလက်ဝယ်သို့ ခွဲဝေပေးအပ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

## ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ် (၆/ ၂၀၂၄-၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ-၁ ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများ အနေဖြင့် ဥပဒေဆိုင်ရာ အခြေခံသဘောတရားများကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ပြီး သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီး၌ထမ်းဆောင်ရမည့်လုပ်ငန်းတာဝန်ဝတ္တရားများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ကျေပွန်စွာထမ်းဆောင်နိုင်သည့် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဥပဒေကို နိုင်ငံ့ဝန်ထမ်းတိုင်း သိရှိနားလည်လိုက်နာမှသာ မိမိတို့လုပ်ကိုင်ဆောင်ရွက်မှုများသည် ဥပဒေနှင့်အညီ အကျိုးရှိသည့် မှန်ကန်ထိရောက်သော လုပ်ရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး သင်တန်းကို ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၇ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၅၃ ဦးဖြင့် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## National AI Strategy & National AI Policy (မူကြမ်း)ရေးဆွဲခြင်းဆိုင်ရာ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့ နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရုံးအမှတ်(၂၁) အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည့် National AI Strategy & National AI Policy (မူကြမ်း) ရေးဆွဲခြင်းဆိုင်ရာ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅) တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်း၌ ဉာဏ်ရည်တုနည်းပညာ (Artificial intelligence-AI) သည် စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းတွင် လျင်မြန်စွာ တိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံတွင်လည်း ဉာဏ်ရည်တုနည်းပညာ(AI)ကို နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အကျိုးရှိစွာအသုံးချနိုင်ရေး နိုင်ငံသားများ လိုက်နာရမည့် ကျင့်ဝတ်များ၊ စံနှုန်းများ၊ စည်းမျဉ်းများကို လွှမ်းခြုံသိရှိစေရန်၊ ဒေသတွင်းဉာဏ်ရည်တုနည်းပညာ(AI) ဆိုင်ရာ ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး နိုင်ငံတကာနှင့် ချိတ်ဆက်၍ စနစ်တကျဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာမူဝါဒကို ရေးဆွဲရခြင်းဖြစ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာ(AI)ဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် National AI Strategy & National AI Policy (မူကြမ်း)ရေးဆွဲရေးအဖွဲ့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ပညာရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

အစည်းအဝေးသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ နေပြည်တော် MSME Agency၊ မြန်မာနိုင်ငံဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ ပညာရှင်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြကြောင်းသိရသည်။

(သတင်းစဉ်)

## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရောက်ရှိနေသော ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရောက်ရှိနေသော ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာနေရသည့်ပြည်သူများ တက်ရောက်ကြသည်။




ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာတွင်သက်ဆိုင်ရာနယ်မြေအလိုက် ယာယီနေရပ်စွန့်ခွာနေရသူများ အားလုံး ပါဝင်မှုရှိစေရေး၊ စာရင်းတွင် မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး၊ စနစ်တကျ ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထောက်ပံ့မှုများကို ပြည်ထောင်စုနယ်မြေအတွင်းတွင် လာရောက်နေထိုင်သည့် အမှန်တကယ် နေရပ်စွန့်ခွာပြည်သူများလက်ဝယ် မှန်ကန်မြန်ဆန်စွာရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ ခရိုင်/မြို့နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ထောက်ပံ့ပေးအပ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး ယာယီနေရပ်စွန့်ခွာပြည်သူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ထောက်ပံ့ငွေထုတ်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုရန်ပုံငွေမှ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများတွင် လာရောက်နေထိုင်သူ လူဦးရေ ၃၇၁၃ ဦးအတွက် ငွေကျပ် ၇၄၂၆၀၀၀၀၊ တပ်နယ်များတွင် လာရောက်နေထိုင်သူ လူဦးရေ ၄၃၆ ဦးအတွက် ငွေကျပ် ၈၇၂၀၀၀၀၊ မြို့နယ်ရှစ်မြို့နယ်တွင် လာရောက်နေထိုင်သူ လူဦးရေ ၅၅၂၃ ဦးအတွက် ငွေကျပ် ၁၁၀၄၆၀၀၀၀၊ စုစုပေါင်းလူဦးရေ ၉၆၇၂ ဦးအတွက် ငွေကျပ် ၁၉၃၄၄၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံ့စီးပွားမြှင့်တင်ဖို့ ကော်ဖီအခြေခံ MSME လုပ်ငန်းများအားပေးစို့

သူရိန်နိုင်(ကော်ဖီ-ရာသီ)




မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ နတ်ရေကန်ဒေသထွက်ကော်ဖီအခြေခံ MSME ထုတ်ကုန်များကို တွေ့ရစဉ်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင်နေထိုင်ကာ စိုက်ပျိုးရေးအခြေခံ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်အသက်မွေးလျက်ရှိသည်။ ထိုသို့လုပ်ကိုင်ကြရာတွင် မိမိဒေသရှိ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသော သီးနှံများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ မြန်မာနိုင်ငံရှိ ရှမ်းကုန်းပြင်မြင့်ဒေသသည် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရန်အထူးသင့်လျော်သော ရေ၊ မြေ၊ ရာသီဥတုများရှိသည့်အတွက် ကော်ဖီကိုစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ထွက်ရှိလာသည့်ကော်ဖီများ၏အရည်အသွေးသည်လည်း အထူးကောင်းမွန်ကြောင်း ကော်ဖီအရည်အသွေးစမ်းသပ်စစ်ဆေးမှုရလဒ်အဖြေများအရသိရှိရသည်။

မြန်မာနိုင်ငံတွင် အာရေးဗီးကား(Arabica)ကော်ဖီနှင့်ရိုဘက်စတာ(Robusta)ကော်ဖီဟူ၍ ကော်ဖီအမျိုးအစားနှစ်မျိုးကို စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ အာရေးဗီးကားကုန်းမြင့်ကော်ဖီမျိုးများကို ပေ ၂၅၀၀ အထက် တောင်ပေါ်ဒေသများနှင့် ရိုဘက်စတာမြေနိမ့်ကော်ဖီမျိုးများကို ပေ ၂၅၀၀ အောက်နိမ့်သောဒေသများတွင်ရွေးချယ်၍ စီးပွားဖြစ်စိုက်ပျိုးနိုင်သည်။ အာရေးဗီးကားကော်ဖီကို ကချင်ပြည်နယ်၌ ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်၊ မန္တလေးတိုင်းဒေသကြီး၌ မိုးကုတ်၊ ပြင်ဦးလွင်၊ ရှမ်းပြည်နယ်၌ ကျိုင်းတုံ၊ တာချီလိတ်၊ နောင်ချို၊ ရပ်စောက်၊ ရွာငံ၊ ဟိုပုံး၊ ပင်းတယ၊ ပင်လောင်းနှင့်ကယားပြည်နယ်၌ လွိုင်ကော်၊ ဒီးမော့ဆို စသည့်ဒေသများတွင် စိုက်ပျိုးကြသည်။ ရိုဘက်စတာကော်ဖီကို မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ် လိပ်သို၊ သံတောင်ကြီးဒေသတို့တွင် အများဆုံးစိုက်ပျိုးကြသည်။

ကော်ဖီစိုက်ပျိုးရန် စိုက်ခင်းမြေနေရာရွေးချယ်ရာတွင် မြေမျက်နှာပြင်ပြန့်ပြူးသောမြေနေရာ သို့မဟုတ် ဆင်ခြေလျှောပြေသောကုန်းစောင်းမြေနေရာတို့ကို အဓိကထား၍ရွေးချယ်သင့်သည်။ အနည်းငယ်မတ်စောက်သောတောင်စောင်းများကို ရွေးချယ်စိုက်ပျိုးရမည်ဆိုပါက ကွန်တိုစနစ် သို့မဟုတ် လှေကားထစ်စိုက်ပျိုးနည်းစနစ်များပြုလုပ်၍ စိုက်ပျိုးသင့်သည်။ ဆီးနှင်းအကျများသော တောင်ပေါ်ဒေသများ၌ ဆီးနှင်းခါးကျရောက်မှုနည်းသည့် တောင်စောင်းဆင်ခြေလျှောအပေါ်ပိုင်းတွင် ရွေးချယ်စိုက်ပျိုးသင့်သည်။ ကော်ဖီပင်စိုက်ပျိုးရန် ပင်ကြားနှင့်တန်းကြား အကွာအဝေးကို ကော်ဖီစိုက်တောင်သူများဗဟုသုတရစေရန်အလို့ငှာ ဖော်ပြလိုသည်။ အများအားဖြင့် အာရေးဗီးကားကော်ဖီ (ကုန်းမြင့်ကော်ဖီ)အတွက် ပင်ကြား x တန်းကြား (၄' x ၈')ဖြင့် တစ်ဧကဝင်ဆန့် (ပင်) ၁၃၆၀ ပင်နှင့် ရိုဘက်စတာကော်ဖီ(မြေနိမ့်ကော်ဖီ)အတွက် ပင်ကြားxတန်းကြား (၁၀' x ၁၀') တစ်ဧကဝင်ဆန့် (ပင်) ၄၃၅ ပင်စိုက်ပျိုးနိုင်သည်။ ပင်ကြား x တန်းကြား အကွာအဝေးကို ကော်ဖီမျိုးအလိုက်လည်းကောင်း၊ စိုက်နည်းစနစ်အရလည်းကောင်း၊ မြေမျက်နှာသွင်ပြင်အပေါ်မူတည်၍လည်းကောင်း အနည်းငယ်ပြောင်းလဲသတ်မှတ်နိုင်သည်။ ကော်ဖီစိုက်ပျိုးရန်ကျင်းကို(၁ ဒသမ ၅ x ၁ ဒသမ ၅ x ၁ ဒသမ ၅ )ပေဖြင့် စိုက်ပျိုးနိုင်ပြီး စိုက်ခါနီးနှစ်ပတ် သုံးပတ်အလိုတွင် နွားချေးတစ်ပြည်၊ တီစူပါဟင်းစားဇွန်းနှစ်ဇွန်းနှင့် အပေါ်ယံမြေသားများကို သမအောင်ရောမွှေ၍ ကျင်းဖုံးပေးရမည်။ ကော်ဖီပင်မြေချစိုက်ပျိုးခြင်းကို ပုံမှန်အားဖြင့် မိုးစတင်ရွာသွန်းချိန်တွင် စတင်ဆောင်ရွက်နိုင်သော်လည်း ရေပေးသွင်းနိုင်ပါက နွေရာသီ၌ပင် ရေသွင်းစိုက်ပျိုးနိုင်သည်။ ကော်ဖီပင်မြေချစိုက်ပျိုးရာတွင် ပျိုးအိတ်မြေလုံးမကွဲရန်ဂရုပြုစိုက်ပျိုးရပြီး ရေသောက်မြစ်ဖြောင့်တန်းစေရန် ပျိုးအိတ်အောက်ခြေမြေကြီးနှင့်ကပ်၍ ခေါက်နေသော အမြစ်ကိုဖြတ်ပေးရန်အထူးသတိပြုရပါမည်။

နှစ်ရှည်ပင်ဖြစ်သောကော်ဖီသည် တစ်ခါစိုက်ပျိုးပြီး ရှင်သန်ဖြစ်ထွန်းပါက နှစ်ရှည်ဝင်ငွေရရှိမည့် သီးနှံပင်ဖြစ်သည်။ သုံးနှစ်သားမှစတင်၍ ဖူးပွင့်ပြီး အသီးသီးကာ ငါးနှစ်သားအထက်တွင်စတင်၍ အသီးအထွက်နှုန်းများကောင်းမွန်ပြီး ဝင်ငွေတိုးတက်ရရှိစေသည်။ စီးပွားဖြစ်သက်တမ်းအားဖြင့် အနှစ် ၂၀ ဝန်းကျင်ခန့် အသီးသီးနိုင်သည်။ ကော်ဖီသီးရင့်မှည့်ရာတွင် အစိမ်းရောင်မှ အနီရောင်၊ အစိမ်းရောင်မှ လိမ္မော်ရောင် သို့မဟုတ် အစိမ်းရောင်မှအဝါရောင် ပြောင်းလဲကြသည်။ ကော်ဖီသီးရင့်မှည့်ချိန်ရောက်လျှင် ကော်ဖီသီးမှည့်များကိုသာ အကြိမ်ကြိမ်ရွေးချယ်ခူးဆွတ်ရသည်။ အထူးတန်းဝင်ကော်ဖီဆန်ရရှိရန် ကော်ဖီကြိတ်ခွဲထုတ်လုပ်ခြင်းလုပ်ငန်းစဉ်များကို အစိုနည်း (Wet Processing) သို့မဟုတ် အခြောက်နည်း(Dry Processing)ဟူ၍ နည်းလမ်းနှစ်မျိုးဖြင့် ထုတ်လုပ်ကြသည်။ ကော်ဖီဆန်အခြောက်လှန်းခြင်း၊ ကော်ဖီဆန်များ စနစ်တကျသိုလှောင်ခြင်းနှင့် ကော်ဖီစိမ်းဆန်အစေ့ထုတ်ခြင်းလုပ်ငန်းစဉ်များကို သတ်မှတ်ချက်များနှင့်အညီ အဆင့်ဆင့်ပြုလုပ်ကြသည်။

ထိုသို့အရည်အသွေးကောင်းမွန်သည့် ကော်ဖီကုန်ကြမ်းများကို ရရှိနိုင်သည့်အတွက် ထိုကုန်ကြမ်းပစ္စည်းများနှင့်ဆက်စပ်၍ တစ်နိုင်တစ်ပိုင်ကော်ဖီအခြေခံသော MSME လုပ်ငန်းများလည်း ထွန်းကားလာခဲ့သည်။ ကော်ဖီအခြေခံ MSME လုပ်ငန်းများတွင် ကော်ဖီလှော်ခြင်းလုပ်ငန်း၊ ကော်ဖီမှုန့်ထုတ်လုပ်သည့်လုပ်ငန်း၊ အသင့်သောက်ကော်ဖီထုတ်လုပ်သည့်လုပ်ငန်း၊ ကော်ဖီနှင့်ပတ်သက်သော အဖျော်ဆိုင်များအစရှိသဖြင့် ကော်ဖီအခြေခံသည့် ဆက်စပ်လုပ်ငန်းများလည်း ပိုမိုကျယ်ပြန့်လာပြီး တစ်ဦးချင်းဝင်ငွေများလည်း ပိုမိုတိုးတက်ရရှိလာခဲ့ကြသည်။ အဆိုပါကော်ဖီအခြေခံ MSME လုပ်ငန်းများ ပိုမိုကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်စေရန် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးသင်တန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဖွင့်လှစ်ပြီး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုနည်းတူစွာ ၎င်း MSME လုပ်ငန်းများ တရားဝင်မှုဖြစ်စေရေးအတွက်လည်း သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။

MSME ဖွံ့ဖြိုးတိုးတက်မှုအတွက် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မတ်လအထိ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာပေးသင်တန်းကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ ၂၉-၅-၂၀၂၃ မှ ၃၁-၅-၂၀၂၃ ရက်အထိ တစ်ကြိမ်၊ ၁၉-၆-၂၀၂၃ မှ ၂၀-၆-၂၀၂၃ ရက်အထိ တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ချင်းပြည်နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကော်ဖီစိုက်ဧက ၇၀၇ ဧကရှိပြီး ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ချင်းပြည်နယ် မင်းတပ်ကော်ဖီအစုအဖွဲ့၊ နောင်ချိုမြို့နယ်ကော်ဖီအစုအဖွဲ့၊ ရွာငံမြို့နယ်ကော်ဖီအစုအဖွဲ့၊ ဟိုပုံးမြို့နယ်ကော်ဖီအစုအဖွဲ့အစရှိသဖြင့် ဒေသအလိုက် အစုအဖွဲ့များဖွဲ့စည်းထားရှိပြီးဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၉ ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များနှင့် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများနှင့် ဒေသထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားစဉ်တွင် “ကော်ဖီစိုက်ပျိုးရေးသည် ပြင်ဦးလွင်ဒေသနှင့်ကိုက်ညီမှုရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစီးပွားရေးကိုအထောက်အကူပြုသည့် လုပ်ငန်းတစ်ခုဖြစ်သဖြင့် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးမဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြင်ဦးလွင်ဒေသမှ ကော်ဖီလုပ်ငန်းရှင်များကို မကြာခဏတွေ့ဆုံ၍ အားပေးဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သောကြောင့် ကော်ဖီလုပ်ငန်းသည် အထိုက်အလျောက် တိုးတက်မှုများဖြစ်ပေါ်လာခဲ့သည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့အား ကော်ဖီမြို့တော်ဖြစ်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ထုတ်လုပ်သည့်ကော်ဖီများကို ပြည်တွင်း၊ ပြည်ပသို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနိုင်ရမည်ဖြစ်ကြောင်း၊ ယခုအချိန်မှစ၍ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများကို စနစ်တကျဖြင့် ဆောင်ရွက်သွားမှသာလျှင် နောင်လာမည့် ငါးနှစ်မှ ခုနစ်နှစ်အတွင်း ကော်ဖီထုတ်လုပ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း” လမ်းညွှန်ခဲ့ပြီးဖြစ်သည်။



ရှမ်းပြည်နယ်၊ ရွာငံဒေသထွက် ကော်ဖီအခြေခံ MSME ထုတ်ကုန်များကို တွေ့ရစဉ်။

စာမျက်နှာ ၁၄ သို့ ▸▸|

## သံအမတ်ကြီး ဦးဇော်ဦးအား အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးဇော်ဦးအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

⏭ စာမျက်နှာ ၁၃ မှအဆက်

မြန်မာနိုင်ငံ၌ အသင့်ဖျော်ကော်ဖီသောက်သုံးမှု၊ ကော်ဖီမစ်သောက်သုံးမှု၊ 2 Plus 1 Ready Coffee သောက်သုံးမှု ပိုမိုတိုးတက်လာသဖြင့် အသင့်ဖျော်ကော်ဖီသွင်းကုန်လျှော့ချနိုင်ရန် ပြည်တွင်းထုတ် Pure Coffee ကိုအသုံးပြု၍ 2 Plus 1 Ready Coffee ထုတ်လုပ်နေသော အသေးစားအိမ်တွင်းမှုလုပ်ငန်းများကို အားပေးကူညီရေးအတွက် အသေးစားအိမ်တွင်းမှုလုပ်ငန်းရှင်များက ဌာနသို့ အကူအညီတောင်းခံလာပါက သက်ဆိုင်ရာစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။

အရည်အသွေးကောင်းကော်ဖီများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ကော်ဖီအဓိကစိုက်ပျိုးသောတိုင်းဒေသကြီး/ပြည်နယ်ကိုးခု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ရှမ်းပြည်နယ် မက်မန်းဒေသ အပါအဝင် နမူနာပျိုးခင်းများတည်ထောင်ရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဇန်နဝါရီလကုန်အထိ မျိုးစေ့ကီလိုပေါင်း ၁၀၉၈ ကီလိုကို အခမဲ့ဖြန့်ဝေပြီးဖြစ်သည်။

ကုန်ကြမ်းကော်ဖီစေ့များကို အရည်အသွေးမြှင့်တင်စေပြီး အရည်အသွေးကောင်း၊ အရွယ်အစားအဆင့်မီသော ကော်ဖီစေ့များကို နိုင်ငံခြားပို့ကုန်အဖြစ် ဈေးကောင်းကောင်းဖြင့် တင်ပို့ရောင်းချနိုင်စေရန် အရည်အသွေးမြင့်ကော်ဖီ စိုက်ပျိုးထုတ်လုပ်ကြိတ်ခွဲမှု နည်းပညာပေးသင်တန်းပေးခြင်းနှင့် ကော်ဖီသီးမှည့်ဆွတ်ခူးရာတွင် အရည်အသွေးကောင်းကော်ဖီသီးများရရှိစေရန် ကော်ဖီသီးမှည့်အစိုခဲတ်တိုင်းကိရိယာကို မဲခေါင်-လန်ချန်းအထူးရန်ပုံငွေအထောက်အပံ့ဖြင့် ကော်ဖီအဓိကစိုက်ပျိုးသော ကချင်၊ ကရင်၊ ချင်း၊ ရှမ်းပြည်နယ်နှင့် မန္တလေး၊ မကွေး၊ နေပြည်တော်တိုင်းဒေသကြီးရှိ ကော်ဖီစိုက်တောင်သူများအား အခမဲ့ဖြန့်ဝေပေးခြင်းများဆောင်ရွက်ခဲ့ပါသည်။ အခြေခံမှစ၍ မြှင့်တင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ကော်ဖီထုတ်ကုန်များထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်ပြီး ထုပ်ပိုးမှုကောင်းမွန်မှသာလျှင် ဈေးကွက်ပိုမိုရရှိနိုင်မည်ဖြစ်သဖြင့် နည်းပညာနှင့် အခြားလိုအပ်သည်များကို နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် MSME လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားလာစေရေးတွင် လိုအပ်သည့်ကုန်ကြမ်းပစ္စည်းများ အလုံအလောက်ရရှိစေရေးအတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာပေးသင်တန်းများဖွင့်လှစ်ပေးခြင်း၊ ကော်ဖီအလှော်သင်တန်းများဖွင့်လှစ်ခြင်း၊ ကော်ဖီအဖျော်သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ကော်ဖီအရည်အသွေးအကဲဖြတ်အမှတ်ပေးသင်တန်းများ ဖွင့်လှစ်ပေးခြင်းကို သက်ဆိုင်ရာဦးစီးဌာန၊ သက်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းဖွင့်လှစ်ပေးခြင်းဖြင့် နိုင်ငံ၏ MSME လုပ်ငန်းများ ပိုမိုတိုးတက်လာခြင်းနှင့်အတူ နိုင်ငံသားများ၏ တစ်ဦးချင်းဝင်ငွေများလည်း ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ကော်ဖီအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာပေးသင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို တွေ့ရစဉ်။




မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ဒေသထွက် ကော်ဖီအခြေခံ MSME ထုတ်ကုန်များကို တွေ့ရစဉ်။

### ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

### “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“မရိုးနိုင်သော ကောလာဟလများ”** ခေါင်းစဉ်ဖြင့် ၁၉-၂-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင်ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ အကြမ်းဖက် PDF တွေလား ဘာသာမဲ့အစွန်းရောက်တွေလား”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၅˚င | / | ၃၄˚င |
| ရန်ကုန် | ၂၀˚င | / | ၃၆˚င |
| မန္တလေး | ၁၆˚င | / | ၃၃˚င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့၏ (၁/၂၀၂၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဦးဉာဏ်ထွန်း၊ ဦးချစ်ဆွေ၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်းသယ်ယူပို့ဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ ကြီးကြပ်နိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန် လိုအပ်လျက်ရှိကြောင်း။

ထို့ပြင် ခဲအရည်ကျိုလုပ်ငန်းနှင့်ပတ်သက်ပြီး ခဲဆိပ်သင့်မှုကို အထိရောက်ဆုံးကာကွယ်နိုင်ရန်နှင့် စဉ်ဆက်မပြတ်ကြီးကြပ်နိုင်ရန်အတွက် “ခဲအရည်ကျိုလုပ်ငန်းနှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်း” ညွှန်ကြားချက် ထုတ်ပြန်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ပြုစုထားရှိပြီးဖြစ်ကြောင်း။

ယခုအစည်းအဝေးတွင် “နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့များ၏လုပ်ငန်းတာဝန်များ ပြင်ဆင်ဖြည့်စွက်ခြင်း အမိန့်ကြော်ငြာစာ”၊ “ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်”နှင့် “ခဲအရည်ကျိုလုပ်ငန်းနှင့် စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်းညွှန်ကြားချက်” များကို ထုတ်ပြန်ရန်အတွက် ဗဟိုဦးစီးအဖွဲ့၏ အတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ အတွင်းရေးမှူးက ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်မှု၊ ဗဟိုဦးစီးအဖွဲ့မှ ဆုံးဖြတ်ရမည့်အမှာစာများ၊ ဥပဒေနှင့် နည်းဥပဒေများအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက လုပ်သားများ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ထိခိုက်မှုမရှိစေရေး ကြိုတင်ဆန်းစစ်ရန်၊ ထိရောက်သည့် စီမံခန့်ခွဲမှုစနစ်များဆောင်ရွက်ရန်၊ ဆိုးကျိုးသက်ရောက်မှုမရှိစေရေး၊ ခဲအရည်ကျိုစက်ရုံများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်အစီရင်ခံစာ (EIA) ခွင့်ပြုချက်ရရှိမှသာ လုပ်ငန်းများဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုလျက်ရှိသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အသုံးပြုရသဖြင့် စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အလုပ်ရုံများအက်ဥပဒေတွင် ဘေးအန္တရာယ်ဖြစ်စေသည့်အခိုးအငွေ့များ၊ စွန့်ပစ်ပစ္စည်းများ၊ ပေါက်ကွဲစေတတ်သည့် သို့မဟုတ် မီးတောက်လောင်စေတတ်သည့် အမှုန်အမွှားအခိုးအငွေ့များနှင့်စပ်လျဉ်း၍ စက်ရုံ/အလုပ်ရုံများ လိုက်နာဆောင်ရွက်ရမည့် အချက်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများသည် စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုမှု၊ ဓာတုဗေဒပစ္စည်းများကို သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာချက်များနှင့်အညီတင်သွင်းရန် ခွင့်ပြုပေးမှုနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာအလိုက် ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စက်မှုဝန်ကြီးဌာနမှ Win & Win Co., Ltd. မှ ငှားရမ်းထားသည့် စက်ဘီးစက်ရုံ (ကျောက်ဆည်) ၌ SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ထားသည့် အထူးကြပ်မတ်ကုသဆောင်များတွင် အသုံးပြုမည့် ဆေးရုံသုံး ခုတင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

(သတင်းစဉ်)

# WHO မှ ဌာနေကိုယ်စားလှယ် Mr.Thushara Fernando နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှမြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Thushara Fernando နှင့်အဖွဲ့ အား ယနေ့ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် WHO အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ၂၀၂၅ ခုနှစ်အတွင်း ဝန်ကြီးဌာနမှ ဦးစားပေးဆောင်ရွက်မည့်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်ဝန်ကြီးဌာနနှင့် WHO တို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ WHO ရုံးမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်အား ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါ ဟူစိန်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတုတ္ထနေ့ဆက်လက်ကျင်းပ


နေပြည်တော် ဖေဖော်ဝါရီ ၁၈

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁) ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

(က)အဆင့်ပြိုင်ပွဲတွင် စစ်တက္ကသိုလ် စစ်တီးဝိုင်းအသင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းအသင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က)အဆင့်ပြိုင်ပွဲတွင် စစ်တက္ကသိုလ်စစ်တီးဝိုင်းအသင်းယှဉ်ပြိုင်စဉ်။



(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းယှဉ်ပြိုင်စဉ်။



(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။



(၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်းအသင်းယှဉ်ပြိုင်စဉ်။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၈

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမ၌ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် အမျိုးသား ၉ ဦး၊ အမျိုးသမီး ၁ ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့လွှဲပြောင်းအပ်နှံပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်းလူငယ်များ၏ မိသားစုဝင်များကိုယ်စား အုပ်ထိန်းသူတစ်ဦးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံခဲ့ကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရကထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# သိုင်းအားကစားအဖွဲ့ချုပ်နှင့် လက်ဝှေ့အားကစားအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် ပြည်ထောင်စုဝန်ကြီးJeng Phang နော်တောင် တွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၈

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံသိုင်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အဖွဲ့အား နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အဖွဲ့သည် မြန်မာ့သိုင်းအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရာတွင် အောင်မြင်မှု ရရှိစေရေး ကြိုတင်ပြင်ဆင်နေမှု အပါအဝင် အဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေး ပြောကြားကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ မြန်မာ့ရိုးရာသိုင်းအားကစားနည်း မတိမ်ကောမပပျောက်စေရေးနှင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးတို့အတွက် ဆက်လက်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံလက်ဝှေ့အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် ဦးကိုကိုအောင်တို့က (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် စခန်းဝင်လေ့ကျင့်နေမှုနှင့် စီစဉ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲနှင့် မိမိတို့ဝန်ကြီးဌာန၏လိုလားချက်၊ မျှော်မှန်းချက်ဖြစ်သည့် မြန်မာ့အားကစားတိုးတက်မြင့်မားစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း၊ အားကစားသမားများကို ပြောင်းလဲလာသည့် နည်းစနစ်များအပေါ် အားသာချက်ရှိအောင်ကြိုတင်ပြင်ဆင်ပြီး လေ့ကျင့်သင်ကြား ပေးသွားကြမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး၏ ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့မင်းကျောင်းပထမပြန်စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ၏သက်တော် ၇၈ နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် အဆိုပါကျောင်းရှိ အဂ္ဂမဟာရွှေမေတ္တာလေးထပ်ဆွမ်းစားကျောင်းတော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ဘုရားကန်တော့၍ဖွင့်လှစ်ကြပြီး ဧည့်ပရိသတ်များက ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ အလှူရှင်များက ဆရာတော်ကြီးနှင့်ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်အနုပညာရှင်များက ရှစ်ဆယ်ဖော်တေးထပ်ဖြင့် သီဆိုပူဇော်၍ ဆရာတော်ကြီးက အနုမောဒနာတရားချီးမြှင့်ကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ဝန်းရံခ

# ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၇)နှစ်မြောက်အထိမ်းအမှတ် ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၇) နှစ်မြောက် အထိမ်းအမှတ်အဖြစ် သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာဆွေးနွေးပွဲကို ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်၍ အမှာစကားပြောကြားသည်။




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံသည် အခြားသောကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုကြောင့် သဘာဝဘေးအန္တရာယ်များကို တွေ့ကြုံခံစားနေရပြီး သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်ရန် သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် အသီးသီးပြဋ္ဌာန်းခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ကဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (National Disaster Management Committee–NDMC) နှင့် ရပ်ကွက်/ ကျေးရွာအုပ်စုအထိ အဆင့်ဆင့်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာကော်မတီများကို ဖွဲ့စည်းထားကြောင်း၊ ထိရောက်သည့်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို နည်းပါးသက်သာစေနိုင်သည့်အပြင် ဘေးဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသော အသိုက်အဝန်းများအဖြစ် ဖြစ်ပေါ်လာစေနိုင်ကြောင်း။

ကြိုတင်ခန့်မှန်းချက်ရယူနိုင်သော သဘာဝဘေးများအတွက် ကြိုတင်သတိပေးချက်များ ပေးပို့နိုင်သည့် Myanmar Disaster Alert Mobile Application ကို ရေးဆွဲထားပြီးဖြစ်သကဲ့သို့ ပုံမှန်ဆက်သွယ်ရေးကွန်ရက်များ သဘာဝဘေးဆိုင်ရာ အရေးပေါ်အခြေအနေကြောင့် ပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရပါက အရန်ဆက်သွယ်ရေးစနစ်အဖြစ် Single Side Band(SSB) များကို သဘာဝဘေး မကြာခဏဖြစ်ပွားတတ်သည့်နေရာများတွင် အသင့်တပ်ဆင်ပေးထားကြောင်း၊ ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်းနှင့် ၂၀၂၄ ခုနှစ် တိုင်ဖွန်းရာဂီ၏ သက်ရောက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်စဉ်များတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရ၏ လူသားချင်းစာနာထောက်ပံ့မှု အကူအညီပေးခဲ့မှုများကို မှတ်တမ်းပြုကျေးဇူးတင်ကြောင်း၊ ရှေ့လာမည့်နှစ်များတွင်လည်း ဘေးအန္တရာယ် စီမံခန့်ခွဲမှု ကဏ္ဍများ၌ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသံအမတ်ကြီး Mr. Iskander K. Azizov တို့ကလည်း ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ အထိမ်းအမှတ်နေ့ဆွေးနွေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားသို့တက်ရောက်လာကြသည့် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဖိတ်ကြားထားသောကိုယ်စားလှယ်များက ကဏ္ဍအလိုက် လုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့ကြပြီး၊ တက်ရောက်လာသူများက မေးခွန်းများ မေးမြန်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

အထိမ်းအမှတ်နေ့အခမ်းအနားသို့စိန့်ပီတာစဘတ်မြို့ရှိ မြန်မာကျောင်းသားများ၊ ရုရှားနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် တက္ကသိုလ်များမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

➤ ကျောဖုံးမှအဆက်

နှစ်ရက်ပေါင်းရိုက်ချက် ၁၃၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် (၅)ချက်လျော့ရိုက်ကာ ပထမ၊ နိုင်နိုင်လင်း၊ လွင်မိုး၊ မျိုးဝင်းအောင် (PMA Association)၊ သိန်းနိုင်စိုး (HAN Golf Masters)၊ မျိုးမင်းအောင်(Ramber) တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် (၃)ချက် လျော့ရိုက်၍ ဒုတိယအဆင့်တို့တွင် လည်းကောင်း၊ Senior Pro အဆင့်တွင် မင်းနိုင်က သတ်မှတ်ရိုက်ချက်ထက် ၁၀ချက် လျော့ရိုက်ပြီး ၆၂ချက်ဖြင့် ပထမ၊ စိုးကျော်ကျော်နိုင် (Taylormade) က သတ်မှတ်ရိုက်ချက်ထက် (၂)ချက်လျော့ရိုက်ပြီး ၇၀ချက်ဖြင့် ဒုတိယ၊ ဇော်လင်းက ၇၂ ချက်ဖြင့် တတိယတို့တွင် လည်းကောင်း အသီးသီးဦးဆောင်ကစားလျက်ရှိသည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ရှိမြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၀ ရက်အထိ လေးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ဝါသနာရှင်အဆင့်၊ သက်ကြီးတန်းဝါသနာရှင်အဆင့်ပြိုင်ပွဲများကို ဖေဖော်ဝါရီလ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်ဂေါက်ကလပ် (တညင်းကုန်း)တွင်လည်းကောင်း ကျင်းပပြုလုပ်သွား မည်ဖြစ်ကြောင်း သိရသည်။

(၁၀၀)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Mawlamyinegyun Township ships 70,000 bags of Thai rice to Yangon



MAWLAMYINEGYUN February 18

A total of 70,000 bags of Thai rice varieties Bay Kyaw from Mawlamyinegyun Township, Ayeyawady Region, was shipped and sold to the Yangon market in December, said Daw Nway Nway, the owner of a rice trading fair from the township.

Only 50,000 bags of Thai rice varieties Bay Kyaw from Mawlamyinegyun Township were sold to the Yangon market in November 2024, and up to 70,000 bags of Thai rice varieties were sold in December. This type of rice belongs to the cheap rice group.

"In the past month, we sold many bags of Thai rice to the Yangon market. Most of the agricultural products from Mawlamyinegyun Township are transported to the Yangon market. There are connections to buy large quantities of Thai rice from the Yangon market this month. Compared to other types of rice, this type of rice has been traded more in the past month. Bags of rice are mainly sent and sold by road," she said.

**SMK**

# Mawlaik Township cultivates over 2,000 acres of winter vegetables

MAWLAIK February 18

A total of 2,629 acres of vegetables have been planted during this year's winter crops planting season in Mawlaik Township, Mawlaik District, Sagaing Region, according to statistics from the Department of Agriculture for Mawlaik District.

During the 2024-2025 winter crops planting season, 2,679 acres of vegetables are planned to be planted in Mawlaik Township, and since October 2024, 2,629 acres have been planted.

"They planted mustards, chilis, spices, potatoes, cabbages, and eggplants. We provide technology to farmers so that they can grow all vegetables using the GAP system. We are providing farmers with techniques to grow healthy crops with as little chemical residue as possible," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

This year, the Township Department of Agriculture has provided technical training to vegetable growers in Mawlaik Township to cultivate using the GAP system, techniques to make the healthy vegetables produced from the fields, and to encourage the vegetable growers to expand the cultivation of vegetables.

**SK**

# Wetlet Township plants more than 14,000 acres of peanut as cold season crops



WETLET February 18

Local farmers have planted 14,682 acres of winter peanut in Wetlet Township of Sagaing Region, according to the statistics of Wetlet Township Agriculture Department.

In 2024-2025 cold season, local authorities earmarked 15,407 acres of peanut but farmers have so far planted 14,682 acres of peanut against the target cultivation.

Daw Kyin San, Head of Wetlet Township Agriculture Department explained: "This year, local administrative officials earmarked cultivation of 15,407 acres of peanut in Wetlet Township but farmers grew 14,682 acres of crops so far. They are trying hard to meet the target cultivation. Oil crops are thriving in the region. Sown acreage of peanut is on the rise yearly."

Farmers need to use 1.5 baskets of peanut seeds per acre in Wetlet Township. They have to spend more than Ks-200,000 per acre in growing peanut due to quality seeds, labour charge, fertilizers and pesticides. But, peanut yields more than 50 baskets per acre.

This year, officials of the Township Agriculture Department make field trips to the peanut plantations for thriving of crops, prevention of pests, weeding and other farming tasks.

**SMK**

# Ridge gourds from Myanaung Township marketable in regions

MYANAUNG February 18

Demand is high in trading of ridge gourds in Myanaung Township of Ayeyawady Region, said Daw Swe Swe, a green grocery trader in Myanaung Township.

Trading of ridge gourds started in Myanaung Township this season in the first week of January 2025. The domestic market demands from 35,000 pieces to 55,000 pieces of ridge gourds per day. It fetches Ks-27,000 per 100 pieces.

Daw Swe Swe commented: "Consumers and merchants from other townships demand to purchase ridge gourds from Myanaung Township. They trade some 55,000 fruits per day. The fruits of Myanaung Township are high in quality. Local people can consume fresh fruits. Due to high demand, local farmers and traders have chances to earn increased incomes."

Currently, seasonal vegetables including ridge gourds are thriving in Myanaung Township. Local farmers prepare to expand sown acreage of these crops in order to meet the domestic demand. As they sell domestic crops, residents can buy these fresh and healthy vegetables at fair prices.

**SK**



# Farmers finish harvesting of monsoon paddy in Tamu District



TAMU February 18

The statistics of Tamu District Agriculture Department stated that a total of 48,716 acres of monsoon paddy has been harvested in Tamu District of Sagaing Region.

Farmers planted 48,716 acres of monsoon paddy in the district this monsoon. They started harvesting of crops in October 2024 and so far have harvested all 48,716 acres of monsoon paddy, yielding 81.13 baskets of paddy per acre.

U Hla Myint, Head of Tamu District Agriculture Department said: "Local farmers grew 48,716 acres of monsoon paddy in Tamu District. They have harvested all acres of monsoon paddy so far. Our department provided necessary agricultural techniques and quality strains of crops to farmers. Moreover, our department helped local farmers grow monsoon paddy in time."

In Tamu District, farmers from Myothit Township harvested 12,917 acres of monsoon paddy, Tamu Township 14,831 acres and Khampak 20,968 acres, totalling 48,716 acres.

This year, officials from relevant Agriculture Departments cooperated with local farmers in systematically growing paddy without any difficulties.

In Tamu District, agricultural officials raised farmer awareness to apply advanced agricultural techniques, prevent pests, minimize loss and waste of crops and keep harvested paddy under shelter in time.

Staff members from the relevant township Agriculture Departments in Tamu District helped local farmers use quality strains of paddy, conduct surveillance of pests, weed farmlands, remove different paddy strains and systematically use chemical fertilizers.

If local farmers in Tamu District produce monsoon paddy to meet set per-acre yield of crops, it will contribute to local sufficiency as well as export surplus crops. Balanced supply and demand of crops can help stabilize prices of commodities. Hence, farmers need to strive for boosting per-acre yield of crops.

**SMK**

# Myinmu Township cultivates over 1,000 acres of winter onions

MYINMU February 18

A total of 1,083 acres of onions have been planted during this year's winter crops planting season in Myinmu Township, Sagaing District, Sagaing Region, according to statistics from the Department of Agriculture for Sagaing District.

During the 2024-2025 winter crops planting season, 1,110 acres of onions have been earmarked for planting in Myinmu Township, and since October 2024, 1,083 acres have been planted.

"We were able to plant more than the current designated acres. The onion cultivation is expanded year after year. We connected the onion market for the onion growers to get a good price," said Daw Thida Lwin, head of the Department of Agriculture for Sagaing District.

One acre of onion costs around Ks-1.8 million, and the yield per acre is 5,000 visses.



Onions are grown in Sagaing Region, and the townships that grow onions the most are Monywa, Yinmabin, ChaungU, Shwebo and Myinmu townships.

**SK**

# Myat Mawtinsun Pagoda festival to be held

HAINGGYIKYUN February 18

The Buddha Pujaniya Festival at the Santawshin Myat Mawtinsun Pagoda in Hainggyikyun Town, Ngaputaw Town, Pathein District, Ayeyawady Region, will be held on a grand scale, according to a member of the pagoda's board of trustees.

The festival takes place every year from the 1st Waxing to the Full Moon of Taboung. This year, it will be held from 27 February (the 1st Waxing of Taboung) to 13 March (the Full Moon of Taboung).

"As it has been held every year, we will hold the festival again this year. During the festival, 45 members of the Sangha will consecrate the pagoda, followed by the recitation of Maha Pathana treatise. On the full moon day of Taboung, we will offer rice to 160 monks to mark the closing ceremony," said a member of the pagoda's board of trustees.

Pilgrims can visit the Myat Mawtinsun Pagoda by both water and land routes.

**SK**

# Kyaukse Township cultivates over 20,000 acres of winter chickpeas

KYAUKSE February 18

Winter chickpea plantations at plot No. (209-B) in Patta Village, Kyaukse Township, Kyaukse District, Mandalay Region, are thriving, according to the Department of Agriculture.

A total of 28,426 acres of winter chickpeas have been planted in Kyaukse Township. Farmer U Myo's chickpea fields are systematically prepared when the soil is moist, and are planted using a scientific method to achieve optimal plant density per acre through a spreading system. The total cost for land, seed, insecticides, pesticides, fruit enhancers, and planting amounts to Ks-245,000.

To improve farmers' livelihoods, officials from the Township Agriculture Department and related departments are conducting field visits to educate farmers and distribute seeds for cultivating high-yielding varieties of red chickpeas, such as Ye Sin (6), Ye Sin (12), and white chickpeas, including Ye Sin (3), Ye Sin (8), Ye Sin (11), and Ye Sin (13). These efforts are aimed at ensuring the success of chickpea crops and achieving good yields.

**SMK**

# Farmers plant more than 2,000 acres of kitchen crops in Pwintbyu Township

PWINTBYU February 18

According to the Township Agriculture Department, local farmers have planted 2,178 acres of kitchen crops in cold season this year in Pwintbyu Township of Magway Region.

Local authorities earmarked cultivation of 2,557 acres of kitchen crops this year in Pwintbyu Township but local farmers have so far planted 2,178 acres of crops against the target cultivation.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department said: "Farmers have grown 2,178 acres of kitchen crops against the target of 2,557 acres in the township to ensure food security and increase incomes for farmers' families. We supervise local farmers in growing crops whether they use GAP system and fertilizers or not to increase per-acre yield of crops."

Under the guidance of the Township Agriculture Department, local farmers have been striving for meet the target cultivation in cold season this year.

**SK**

# Kremlin says Putin ready to hold talks with Zelensky if necessary

MOSCOW February 18


Russian President Vladimir Putin remains ready to hold negotiations with Ukrainian President Volodymyr Zelensky if necessary, Kremlin Spokesman Dmitry Peskov said Tuesday.

Russia has been committed to finding a peaceful resolution to the Ukrainian conflict from the very beginning, Peskov was quoted by TASS news agency as saying.

He stressed that a long-term settlement of the Ukrainian conflict cannot be achieved without addressing security concerns.

"As for the security architecture in Europe, of course, a comprehensive settlement, a long-term and viable settlement is impossible without a comprehensive consideration of security issues on the continent," Peskov said.

**Xinhua**



# Iran launches large-scale military drill

TEHRAN February 18

The Ground Force of Iran's Islamic Revolutionary Guard Corps on Tuesday launched a large-scale military drill in the country's southwestern region, the semi-official Tasnim news agency reported.

A number of homegrown kamikaze and reconnaissance unmanned aerial vehicles (UAVs) were unveiled during the drill, codenamed the "Great Prophet 19," the report said, listing them as "Bina," "Qandil 4" and "Qandil 5" reconnaissance drones, the vertical take-off and landing "Arbaeen" bomber UAV and "Ra'ad 2", "Ra'ad 3" and "Saeqeh" kamikaze UAVs.

The report said the "Saber" micro aerial vehicle, capable of carrying different anti-tank rounds, was also unveiled during the exercise.

According to Tasnim, the units involved in the drill will also practice different defence scenarios to counter transregional enemies.

**Xinhua**

# Plane flips on landing at Toronto airport



TORONTO February 18

A plane flipped upside-down on landing at Toronto Pearson International airport on Monday. At least eighteen people are injured, according to paramedics.

All flights were suspended, the Toronto Star wrote.

Videos posted on X show a Delta Air Lines plane overturned on a snow-covered tarmac, with people walking away from it.

One of those injured is in critical condition, according to Peel Regional Paramedic Services Supervisor Lawrence Saindon.

The airport reported an incident involving a Delta plane arriving from Minneapolis, stating that emergency teams were responding.

"All passengers and crew have been accounted for," Toronto airport said in a statement on X.

According to Reuters, Delta representatives did not immediately respond to a request for comment.

"There is a plane crash. However, we don't know the circumstances surrounding it at this point," said Constable Sarah Patten of the Peel Regional Police in Ontario.

She added that "most of the passengers" were out of the plane and unharmed, but the police on the scene are still investigating.

The crash follows several other air incidents in North America in late January. An American Airlines passenger jet collided with an Army helicopter while preparing to land at Ronald Reagan National Airport in Washington D.C., killing 67 people. Another tragedy occurred in Philadelphia, where seven people died when a medical transport plane crashed near a mall.

**RT**

# U.S., Russia reach consensus on normalizing bilateral ties, ending Ukraine conflict

WASHINGTON February 18

The United States and Russia agreed to normalize bilateral ties and begin working on ending the Ukraine-Russia conflict, the State Department said following Tuesday's meeting between U.S. Secretary of State Marco Rubio and Russian Foreign Minister Sergey Lavrov in Saudi Arabia.

According to the statement issued, the two sides agreed to "establish a consultation mechanism to address irritants to ourbilateral relationship with the objective of taking steps necessary to normalize the operation of our respective diplomatic missions."

The two sides agreed to "lay the groundwork for future cooperation on matters of mutual geopolitical interest and historic economic and investment opportunities which will emerge from a successful end to the conflict in Ukraine," the statement said.

Parties attending the meeting "pledge to remain engaged to make sure the process moves forward in a timely and productive manner."

Rubio was accompanied by U.S. National Security Adviser Mike Waltz and Special Envoy to the Middle East Steve Witkoff at the meeting, while Lavrov's team included Russian presi-dential aide Yuri Ushakov, according to the statement.

**Xinhua**

# Musk's DOGE claims multi-trillion gap in US government spending

WASHINGTON February 18

Elon Musk's Department of Government Efficiency (DOGE) claims has uncovered a massive gap of nearly US$-5 trillion in US federal spending that it cannot account for. DOGE has claimed that Treasury records made some payments untraceable.

Since the inauguration of US President Donald Trump on January 20, DOGE has been pressing ahead with budget and spending audits along with job cuts across federal agencies in an effort to reduce government spending by US$-2 trillion by 2026.

The department, headed by the Tesla and SpaceX CEO, explained that the Treasury Access Symbol (TAS), used to describe the account the money is linked to, was missing on a number of payments the department had been making.

"In the Federal Government, the TAS field was optional for ~US$-4.7 Trillion in payments and was often left blank, making traceability almost impossible," DOGE said on Tuesday in a post on X (formerly Twitter).

"As of Saturday, this is now a required field, increasing insight into where money is actually going," the agency added, having thanked the US Treasury for their work in identifying the optional field.

Musk took to X, which he owns, to hail the revelation, saying that "major improvement in Treasury payment integrity going live." He paid tribute to the "nice work" that came as a result of a combined effort of DOGE, the Treasury, and the US Federal Reserve.

According to the Bureau of the Fiscal Service, a division of the Treasury, TAS codes classify every financial transaction reported to the Treasury and the Office of Management and Budget.

**RT**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# This Chinese EV Has An Unbelievable Parallel Parking Cheat Code



Parallel parking has always been one of those driving rites of passage. Some folks are naturals, while others—well, let's just say those are the ones that inevitably sell curb-rashed wheels on Facebook Marketplace. Many modern cars have some kind of auto park feature built in to help, but none do it as cool as the Denza Z9 GT.

Built by a premium arm of Chinese automaker BYD, the Z9 GT is a sleek EV with a 100 kWh battery pack, three electric motors and nearly 1,000 horsepower. It's also hiding an epic feature up its sleeve: the ability to parallel park. We aren't talking about the traditional "maybe-it-will, maybe-it-won't" process of reversing, turning, going forward, turning again, reversing some more, only to settle on a half-assed parking job. This car pulls off a full-fledged Michael Jackson-esque moonwalk right into a free space. Check it out to see what I mean.

Let's talk about how it works. As mentioned above, the Z9 has three electric motors—one powering the front wheels and two at the rear. And because modern EVs are marvels of software and electrical engineering, those motors can be controlled independently. That's Denza's secret sauce.

When it's time to parallel park, the driver of the Z9 pulls nose-first into an empty space. They can then choose one of the wheels using the car's infotainment screen and use the car's exterior cameras to draw a line that tells the car how to pivot into its spot.

Those electric motors get put to work instantly. First, the car's rear-wheel steering angles its wheels. Then, the motors apply torque in opposing directions to each rear wheel (meaning that the inside and outside wheels rotate in opposite directions to suck the car into its spot). Meanwhile, the car's front wheels rotate forward to prevent the car from reversing into the vehicle behind it. Finally, the outermost front wheel is locked to provide a pivot point for the vehicle.

We're certain that drivers who struggle with parallel parking would love this feature, and tire shops are almost certainly giddy with excitement seeing the above video. I'm sure that using the feature in moderation will likely spare the tires, but everyday street parking will eventually take its toll on your rubber.

Still, it's hard to deny that this is just downright cool. It's like the grown-up version of power braking, or maybe a scene from the universe's most boring version of Tokyo Drift where Sung Kang plays a valet instead of Han.

Beyond the Z9 GT's party trick, its parallel parking prowess outlines one of the coolest things about EVs: flexibility. With electric motors and software doing all of the heavy lifting here, engineers have so much room to design features that simply aren't feasible (or possible) using ICE powertrains and mechanical gearboxes. Sure, it's a gimmick now. But it's also a glimpse into what cars can do, and not just how they drive.

**Inside EVs**

# Watch BYD's 'God's Eye' Rip This Supercar Around A Track Without Anyone Inside



China's BYD has proven that it can wrestle with the big boys, despite it being established fewer than three decades ago. Last year, it out-produced Tesla and became the world's largest all-electric car maker, thanks to a myriad of models and a very aggressive pricing strategy.

Now, BYD has turned its attention to advanced driving assistance systems (ADAS). A few days ago, the Chinese automaker announced that it will offer three systems across its portfolio—and all of them are free. That's a stark contrast to Tesla's approach of charging US$-8,000 for its Full Self-Driving (FSD) feature. There's also the option to pay a monthly subscription for FSD.

BYD's overall ADAS is called God's Eye (possibly the coolest name for a driver-assist system) and utilizes the company's DiPilot tech in three versions. The automaker kicked off an aggressive marketing campaign to push the message across the land, starting with a video showing its flagship electric supercar, the Yangwang U9, navigating the Hunan Zhuzhou International Circuit during the day and night, all without anyone behind the wheel.

The Yangwang U9 comes with the most powerful version of the ADAS, called God's Eye A (DiPilot 600). It has a peak computing power of 600 TOPS and can use up to three LiDdars. The second system, God's Eye B (DiPilot 300), supports one LiDar and has a peak computing power of 300 TOPS. God's Eye C (DiPilot 100) is the entry-level version of the system that mainly relies on cameras, millimeter-wave radars and ultrasonic radars. It has a maximum computing power of 100 TOPS and will come as standard on the US$-9,500 BYD Seagull electric hatchback.

This sort of marketing stunt isn't exactly new. Back in 2014, BMW built a 2 Series that autonomously drifted on a closed course. However, the BMW was a prototype. God's Eye is coming to over 20 BYD series production models this year.

**Inside EVs**

# အမေရိကန်နှင့်ရုရှားအဆင့်မြင့်အရာရှိကြီးများ၏တွေ့ဆုံဆွေးနွေးပွဲကို ဆော်ဒီအာရေဗျ၌ကျင်းပ



**ရီယက်၊ နိုင်ငံရေး**

ယူကရိန်းလက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရေးစေ့စပ်ဆွေးနွေးရန်နှင့် နှစ်နိုင်ငံကြား ဆက်ဆံရေးတိုးတက်လာစေရန် ကြိုးပမ်းချက်တစ်ရပ်အဖြစ် အမေရိကန်နှင့်ရုရှား အဆင့်မြင့်အရာရှိကြီးများ၏ တွေ့ဆုံဆွေးနွေးပွဲကို ဆော်ဒီအာရေဗျနိုင်ငံ ရီယက်မြို့၌ ဖေဖော်ဝါရီလ ၁၈ ရက်တွင် စတင်ကျင်းပကြောင်းသိရသည်။

ယခုကျင်းပသည့် အမေရိကန်နှင့် ရုရှားအရာရှိကြီးများကြား တွေ့ဆုံဆွေးနွေးမှုသည် ရုရှားသမ္မတ ဗလာဒီမာပူတင်က လွန်ခဲ့သည့် သုံးနှစ်နီးပါးက ယူကရိန်းနိုင်ငံအတွင်း အထူးစစ်ဆင်ရေးတစ်ရပ် စတင်ဆင်နွှဲခဲ့ပြီးနောက် နှစ်နိုင်ငံစလုံးမှ ထိပ်တန်းအရာရှိများအကြား ပထမဆုံးအကြိမ်ကျင်းပသည့် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးမှုဖြစ်သည်။

ယခုတွေ့ဆုံပွဲ၌ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်၏ အကြံပေး ယူရီအူရှာကော့တို့က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မားကိုရူဘီယို၊ အမျိုးသားလုံခြုံရေးအကြံပေးမိုက်ဝေ့၊ အမေရိကန်အထူးကိုယ်စားလှယ်စတိဝစ်ကော့တို့နှင့်တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း၌ ရုရှားသမ္မတပူတင်နှင့် ဖုန်းမှတစ်ဆင့်ဆွေးနွေး၍ နှစ်နိုင်ငံကြား စေ့စပ်ညှိနှိုင်းမှုစတင်ရန် နှစ်ဖက်စလုံးမှ သဘောတူခဲ့ကြောင်း ကြေညာခဲ့ပြီးနောက် ရီယက်မြို့တွင် နှစ်နိုင်ငံအရာရှိကြီးများ၏ တွေ့ဆုံဆွေးနွေးမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ဆော်ဒီအာရေဗျနိုင်ငံမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။

အမေရိကန်နှင့် ရုရှားနိုင်ငံတို့အနေဖြင့် ၎င်းတို့၏ ဆက်ဆံရေးကြား ရှိနေသည့် အနှောင့်အယှက်များကို ဖယ်ရှားနိုင်ရေးအတွက် ဆွေးနွေးတိုင်ပင်မှုယန္တရားတစ်ခုကိုတည်ထောင်ရန် ယခုဆွေးနွေးပွဲ၌ သဘောတူခဲ့ကြပြီး ဆွေးနွေးပွဲသည် အပြုသဘောဆောင်သည့် ဆွေးနွေးပွဲတစ်ရပ်ဖြစ်သည်ဟု ရုရှားကထုတ်ပြန်သည်။

သို့ရာတွင် ယူကရိန်းက ပါဝင်မှုမရှိဘဲ သမ္မတချမှတ်မည့် မည်သည့်ငြိမ်းချမ်းရေးသဘောတူညီချက်ကိုမျှအသိအမှတ်ပြုမည်မဟုတ်ကြောင်းနှင့် ရီယက်မြို့၌ ကျင်းပမည့် အမေရိကန်နှင့် ရုရှားအရာရှိကြီးများကြား တွေ့ဆုံဆွေးနွေးမှုနှင့်စပ်လျဉ်း၍ ယူကရိန်းနိုင်ငံအား အသိပေးထားခြင်းလည်းမရှိကြောင်း ယူကရိန်းသမ္မတ ဇီလန်စကီက ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပြောကြားထားကြောင်းသိရသည်။

Ref: Tass

# ယူကရိန်းလုံခြုံရေးကို အာမခံချက်ပေးရန်အတွက် တပ်ဖွဲ့ဝင်များစေလွှတ်ရန်အသင့်ရှိသည်ဟု ဗြိတိန်ပြော



**လန်ဒန်၊ လုံခြုံရေး**

ယူကရိန်းပဋိပက္ခကို ဖြေရှင်းနိုင်ရန်အတွက် ယူကရိန်းနိုင်ငံ၏ လုံခြုံရေးကို အာမခံချက်ပေးရန် ဗြိတိန်နိုင်ငံက ၎င်းတို့၏တပ်ဖွဲ့ဝင်များကို စေလွှတ်ရန် အသင့်ရှိသည်ဟု ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမားက ပြောကြားခဲ့ကြောင်း ဗြိတိန်သတင်းစာကြီးတစ်စောင် ဖြစ်သည့် The Daily Telegraph တွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံအနေဖြင့် ယူကရိန်းနိုင်ငံ၏ လုံခြုံရေးကိုအာမခံပေးနိုင်ရန် လုပ်ဆောင်မှုတွင် ဦးဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်ရန်အသင့်ရှိပြီး ယူကရိန်းတပ်မတော်သို့ အကူအညီအဖြစ် နှစ်စဉ် စတာလင်ပေါင် ၃ ဘီလီယံ (ဒေါ်လာ ၃ ဒသမ ၈ ဘီလီယံခန့်)ကို လာမည့် ၂၀၃၀ ပြည့်နှစ်အထိ ပေးအပ်ရန်ကတိပြုပြီးဖြစ်ကြောင်း စတားမားကပြောသည်။

ထို့ပြင် လိုအပ်ပါက ဗြိတိန်အစိုးရက ၎င်းတို့တပ်ဖွဲ့ဝင်များအား ယူကရိန်းသို့ စေလွှတ်ရန်အတွက်လည်းအသင့်ရှိသည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

ယူကရိန်း၏ အနာဂတ်အရေးသည် ဥရောပဒေသတစ်ခုလုံးနှင့် သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုဖြစ်သောကြောင့် ဥရောပနိုင်ငံများအနေဖြင့် ၎င်းတို့၏ကာကွယ်ရေးအတွက် အသုံးစရိတ်ကို တိုးမြှင့်၍ နေတိုးအဖွဲ့တွင် ပိုမိုအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ရန်လိုအပ်ကြောင်း စတားမားက ပြောကြားခဲ့ကြောင်းသိရသည်။

ယူကရိန်းနိုင်ငံသို့ ဗြိတိန်တပ်များအား စေလွှတ်မည့်အစီအစဉ်အား စတားမားက ပထမဆုံးအကြိမ်အဖြစ် လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း The Daily Telegraph သတင်းစာတွင် ဆက်လက်ဖော်ပြထားသည်။

Ref: Tass

# ဒေါ်လာ ၁၅၀၀၀၀ တောင်းဆိုခဲ့သည့် ပြန်ပေးသမားခြောက်ဦးကို အာဖဂန်ရဲတပ်ဖွဲ့ဖမ်းဆီးပြီး ဓားစာခံနှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့

**ကဘူး၊ ရာဇဝတ်မှု**

အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့သည် ပြန်ရွေးငွေ ဒေါ်လာ ၁၅၀၀၀၀ တောင်းဆိုခဲ့သည့် ပြန်ပေးသမားခြောက်ဦးနှင့် ၎င်းတို့ဖမ်းဆီးထိန်းသိမ်းထားသည့် ဓားစာခံနှစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၁၈ ရက်တွင် ထုတ်ပြန်သည်။

ဓားစာခံများသည် အီရန်နိုင်ငံအတွင်း၌ မကြာမီအချိန်အတွင်းက ဖမ်းဆီးပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်ပြီး ၎င်းတို့အား ရဲတပ်ဖွဲ့က ကဘူးမြို့တော်၌ ပြန်လည်ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြန်ပေးဆွဲသူများသည် ပြန်ပေးဆွဲခံထားရသူများ ပြန်လွှတ်ပေးရန်အတွက် ဒေါ်လာ ၁၅၀၀၀၀ ကို ပြန်ရွေးငွေအဖြစ်ပေးအပ်ရန်တောင်းဆိုခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ၎င်း၏ဆိုရှယ်မီဒီယာဝက်ဆိုက်တွင် ဖော်ပြခြင်းဖြစ်သည်။

ယင်းနောက် ရဲတပ်ဖွဲ့သည် ပြန်ပေးဆွဲခံရသူများ၏ တည်နေရာကို ရှာဖွေဖော်ထုတ်ပြီးနောက် ၎င်းတို့အားပြန်လည်ကယ်ဆယ်နိုင်ခဲ့ပြီး ပြန်ပေးဆွဲသူများကိုပါ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အာဖဂန်အစိုးရအနေဖြင့် နိုင်ငံအတွင်း၌ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေမှ တိမ်းရှောင်နေသူများနှင့် ရာဇဝတ်မှုကျူးလွန်သူများကို တိုက်ဖျက်မည်ဟု ထုတ်ပြန်ထားသည်။

Ref: Xinhua

## သတင်းတိုကဏ္ဍ

### အမေရိကန် Delta လေကြောင်းလိုင်းမှလေယာဉ်တစ်စင်း ကနေဒါနိုင်ငံ ပီယာဆန်လေဆိပ်တွင်တိမ်းမှောက် အနည်းဆုံး ၁၈ ဦးဒဏ်ရာရ

အမေရိကန် Delta လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ကနေဒါနိုင်ငံ တော်ရွန်တိုမြို့ရှိ လေဆိပ်တစ်ခု၌ ဆင်းသက်ချိန်အတွင်း တိမ်းမှောက်ခဲ့မှုကြောင့် အနည်းဆုံးလူ ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ခရီးသည် ၇၆ ဦးနှင့် လေယာဉ်အမှုထမ်းလေးဦးကိုတင်ဆောင်လာသည့် အဆိုပါလေယာဉ်သည် အမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ်မှ ဖေဖော်ဝါရီလ ၁၇ ရက်တွင် ပျံသန်းလာခြင်းဖြစ်ပြီး ပီယာဆန်လေဆိပ်တွင် ဆင်းသက်ချိန်အတွင်း တိမ်းမှောက်သွားခြင်းဖြစ်ကြောင်းသိရသည်။

ဒဏ်ရာရရှိသူများကို အာကာပိုင်အဖွဲ့က ဆေးရုံကိုပို့ဆောင်ခဲ့ပြီး တိမ်းမှောက်မှုကြောင့် ပြောင်းပြန်ဖြစ်သွားသည့် လေယာဉ်ပေါ်မှခရီးသည်များအား ကယ်ဆယ်နိုင်ခဲ့ကြောင်းသိရသည်။

Ref: Ivt, Xinhua

### နိုင်ငံအတွင်းရှိလူငယ်များကို စစ်ပညာသင်ပေးရန် ဘင်္ဂလားဒေ့ရှ် စဉ်းစားလျက်ရှိ

ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်းရှိ လူငယ်များကို စစ်ပညာသင်ပေးရန် စဉ်းစားလျက်ရှိသည်ဟု အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

နိုင်ငံအတွင်းရှိ လူငယ်များကို စစ်ပညာသင်ပေးမည့်ကိစ္စရပ်အား ဒါကာမြို့၌ ဖေဖော်ဝါရီလ ၁၈ ရက်က ကျင်းပသည့် အစိုးရအဖွဲ့၏ သုံးရက်ကြာကျင်းပသည့် ဆွေးနွေးပွဲ၌ အသေးစိတ်ဆွေးနွေးခဲ့သည်။

နိုင်ငံအတွင်းရှိ လူငယ်များအနေဖြင့် စစ်ပညာသင်ယူပြီးနောက်ပိုင်း နိုင်ငံတော်၏ ကာကွယ်ရေးအတွက် လိုအပ်ပါက ပါဝင်အထောက်အကူပြုနိုင်ရေး အဆိုပါ အစီအစဉ်ကို စဉ်းစားရခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အဗ္ဗဒူဟာဇစ်က ပြောကြားခဲ့သည်။

Ref: Xinhua

# အာဟာရသည် ကလေးဘဝမှစ၍ အသက်အရွယ်ကြီးသူများအထိ ကျန်းမာရေးကို ထောက်ပံ့ပေးခြင်းနှင့် အန္တရာယ်ရှိသောအပြုအမူများမှ ကာကွယ်ပေးခြင်း

ရတနာ(သုတေသီ)

**''သက်ကြီးရွယ်အိုများသည် အသက်အရွယ်ကြီးလာသည်နှင့် အမျှ ခံတွင်းပျက်လာခြင်း၊ လှုပ်ရှားသွားလာမှုနှေးလာပြီး အစားအစာပြင်ဆင်ချက်ပြုတ်နိုင်ခြင်းမရှိတော့ဘဲ လက်လှမ်းမီရာ အလွယ်တကူရနိုင်သည့် အာဟာရနည်းပါးသောအစားအစာများကိုသာစားဖြစ်ခြင်း စသည်တို့ကြောင့် အာဟာရချို့တဲ့မှုများဖြစ်လာပါသည်။ သုတေသနတွေ့ရှိချက်များအရ သက်ကြီးရွယ်အိုများတွင် အာဟာရမျှတပြည့်ဝပါက စိတ်ဓာတ်ကျခြင်းလက္ခဏာများ လျှော့ချနိုင်ကြောင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို လုံလောက်အောင်စားပါက စိတ်ကျန်းမာရေးကို အထောက်အကူဖြစ်စေနိုင်ကြောင်း ဖော်ပြထားပါသည်. . .''**

ယမန်နေ့မှအဆက်

(၂) ညဘက်မိုးချုပ်မှအစာစားခြင်းနှင့် စိတ်လှုပ်ရှားခြင်းကြောင့် အစာပိုစားမိခြင်းတို့သည် နှလုံးသွေးကြောဆိုင်ရာအန္တရာယ်ဖြစ်နိုင်ခြေများနှင့် ဆက်စပ်လျက်ရှိကြောင်း သုတေသနတွေ့ရှိချက်များအရ သိရှိရသဖြင့် မပြုလုပ်မိစေရန် သတိပြုရပါမည်။ ထို့ပြင် လုပ်ငန်းခွင်တွင် လုပ်ကိုင်နေသူများအတွက် အလုပ်နှင့်ဘဝမျှတစေရန်၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ဖြစ်စေရန်နှင့် ကျန်းမာသောအစားအသောက်များကိုသာ ရွေးချယ်စားသုံးဖြစ်စေရန်ရည်ရွယ်၍ ကျန်းမာကြံ့ခိုင်ရေးအစီအစဉ်များ (Wellness programs) ပြုလုပ်ပေးသင့်ပါသည်။

**သက်ကြီးရွယ်အိုများအတွက် အာဟာရ**

သက်ကြီးရွယ်အိုများအတွက် အရိုးကျန်းမာရေးကိုထိန်းသိမ်းခြင်း၊ ကိုယ်အလေးချိန်လျှော့ချခြင်းကို ကာကွယ်ခြင်း၊ စိတ်ကျန်းမာရေးကိုအလေးထားခြင်း၊ နာတာရှည်ရောဂါများနှင့် ကိုယ်ခံအားကောင်းစေရန် ဂရုပြုခြင်းတို့သည် အရေးကြီးလှပါသည်။ မြန်မာနိုင်ငံတွင်ဆောင်ရွက်ထားသော သုတေသနများအရ အာဟာရချို့တဲ့ခြင်းကို သက်ကြီးရွယ်အိုများ၏ (၃ ဒသမ ၄ ရာခိုင်နှုန်းမှ ၂၁ ဒသမ ၇ ရာခိုင်နှုန်း) အတွင်း လည်းကောင်း၊ အာဟာရချို့တဲ့မှုဖြစ်နိုင်ခြေကို သက်ကြီးရွယ်အိုများ၏ (၃၄ ဒသမ ၇ ရာခိုင်နှုန်းမှ ၅၉ ဒသမ ၄ ရာခိုင်နှုန်း)အတွင်းလည်းကောင်း တွေ့ရှိရပါသည်။

**သက်ကြီးရွယ်အိုများအတွက် ကျန်းမာရေးနှင့် မညီညွတ်သောစားသောက်မှုပုံစံဖြစ်စေသည်များ**

သက်ကြီးရွယ်အိုများသည် အသက်အရွယ်ကြီးလာသည်နှင့်အမျှ ခံတွင်းပျက်လာခြင်း၊ လှုပ်ရှားသွားလာမှုနှေးလာပြီး အစားအစာပြင်ဆင်ချက်ပြုတ်နိုင်ခြင်းမရှိတော့ဘဲ လက်လှမ်းမီရာ အလွယ်တကူရနိုင်သည့် အာဟာရနည်းပါးသောအစားအစာများကိုသာ စားဖြစ်ခြင်း စသည်တို့ကြောင့် အာဟာရချို့တဲ့မှုများ ဖြစ်လာပါသည်။ သုတေသနတွေ့ရှိချက်များအရ သက်ကြီးရွယ်အိုများတွင် အာဟာရမျှတပြည့်ဝပါက စိတ်ဓာတ်ကျခြင်းလက္ခဏာများ လျှော့ချနိုင်ကြောင်းနှင့် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကိုလုံလောက်အောင်စားပါက စိတ်ကျန်းမာရေးကို အထောက်အကူဖြစ်စေနိုင်ကြောင်း ဖော်ပြထားပါသည်။

သက်ကြီးရွယ်အိုများအတွက် ထိုအန္တရာယ်ရှိသော အပြုအမူများလုပ်ဆောင်မှုကို လျှော့ချနိုင်ရန်နည်းလမ်းများအနေဖြင့် အသက်အရွယ်ကြီးသူများတွင် အစာဝါးစားရန် သွားပြဿနာရှိနိုင်ခြင်း၊ အစာမျိုချရန် အခက်အခဲရှိနိုင်ခြင်း စသည့်အခက်အခဲများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများကို စဉ်းစားဖြေရှင်းပေးခြင်း၊ အစာကို အနည်းငယ်သာစားနိုင်သဖြင့် တစ်ခါစားလျှင် အာဟာရကြွယ်ဝသောအစားအစာများကို ပမာဏနည်းနည်းနှင့် အကြိမ်အရေအတွက်များများ စားစေခြင်းတို့ကို ပြုလုပ်ပေးနိုင်ပါသည်။

အဓိကအားဖြင့်ဆိုရလျှင် မည်သည့်အသက်အရွယ်မဆို ကျန်းမာရေးနှင့်ညီညွတ်သောစားသောက်မှုပုံစံ (Healthy Eating Habit) အတိုင်း အာဟာရမျှတသောအစားအသောက် (Balanced Diet) ကို လေ့ကျင့်စားသုံးပါက ကျန်းမာရေးဆိုင်ရာ အန္တရာယ်ရှိသော အပြုအမူများပြုလုပ်ခြင်းကိုလည်း ကာကွယ်ရာရောက်ပြီး ကျန်းမာစွာနေထိုင်နိုင်ခြင်းနှင့် ရောဂါကာကွယ်ပေးခြင်းအတွက်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံ (Healthy Eating Habit) အတိုင်း လေ့ကျင့်စားသုံးနိုင်ရန် နည်းလမ်းများရှိပါသည်။

**(၁) သတိနှင့်အစားအစာကိုစားသုံးရန် နည်းလမ်း (Mindful Eating Approach)**

(က) မိမိစားသုံးသောအစားအစာသည် မည်သည့်အစားအစာစားဖြစ်သနည်း (ဥပမာ-အာဟာရနည်းပါးသောအစားအစာကိုစားသုံးမိနေသလား သို့မဟုတ် အာဟာရကြွယ်ဝသောအစားအစာကို စားသုံးမိရဲ့လား)။

(ခ) ပမာဏမည်မျှစားဖြစ်သနည်း(ဥပမာ-လိုအပ်သောအစားအစာပမာဏကိုသာ စားသုံးမိရဲ့လား သို့မဟုတ် အစားအစာကို အလွန်အကြူးစားသုံးမိနေပါသလား)။

(ဂ) ဘယ်နေရာမှာစားဖြစ်သနည်း (ဥပမာ- ထမင်းစားပွဲတွင်စားသုံးခြင်းလား သို့မဟုတ် တီဗွီရှေ့တွင်စားသုံးမိနေခြင်းလား သို့မဟုတ် လမ်းဘေးဈေးဆိုင်တွင် စားသုံးမိနေသလား)။

(ဃ) ဘယ်လိုစားဖြစ်သနည်း(ဥပမာ- အစားအစာကို မြန်မြန်စားသုံးနေပါသလား သို့မဟုတ် အစားအစာကို နှေးနှေးစားသုံးနေသလား)။

**(၂) အစားအစာကို ကျွမ်းကျင်လိမ္မာစွာစားသုံးရန် နည်းလမ်း(Eating Competence Approach)**

အစားအစာကိုစားသုံးရာတွင် အပြုသဘောဆောင်သည့်သဘောထားကို ထားရှိရန်၊ အစာစားသုံးရာတွင် စိတ်ဝင်စားမှုဖြင့် အာဟာရစုံလင်အောင် ကျန်းမာရေးနှင့်ညီညွတ်၍ အမျိုးစုံလင်သောအစာများကိုစားသုံးရန်၊ အစားအစာကိုစားသုံးရာတွင် အချိန်မှန်မှန်စားဖြစ်စေရန် စနစ်တကျစီစဉ်စားသောက်ရန်၊ အာဟာရမျှတလုံလောက်အောင်စားသောက်ရန်၊ ဗိုက်ဆာခြင်း၊ ဗိုက်ပြည့်ခြင်း၊ ခံတွင်းတွေ့ခြင်း စသည့်မိမိခန္ဓာကိုယ်မှ လှုံ့ဆော်ချက်များကို အလေးထားရန်တို့ဖြစ်ပါသည်။

ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံဖြစ်လာအောင် အဆင့်ဆင့်လေ့ကျင့်စားသုံးနိုင်ပါသည်။ ရှေးဦးစွာ မိမိစားသောက်ပုံကို ပြန်လည်ဆန်းစစ်(Reflect) ရန် လိုအပ်ပါသည်။ (ဥပမာ- အစားအစာကို မြန်မြန်စားမိနေသလား၊ မတ်တတ်ရပ်စားမိနေသလား၊ မဆာဘဲစားမိနေသလား၊ ထမင်းစားပြီး အချိုတည်းဖြစ်နေသလား၊ နံနက်စာမစားဘဲနေမိနေသလား)။

ဤသို့ဆန်းစစ်ပြီးလျှင် မကောင်းသောအလေ့အကျင့်များကို ကောင်းသောအလေ့အကျင့်များဖြင့် အစားထိုးရန် (Replace) လိုအပ်ပါမည်။ (ဥပမာ- အစားအစာကို နှေးနှေးစားရန်၊ ထမင်းစားပွဲတွင် ထိုင်စားရန်၊ ဆာမှစားရန်၊ ထမင်းစားပြီး အချိုမတည်းရန်၊ နံနက်စာအမြဲစားရန်တို့ဖြစ်သည်)။

ထို့ပြင် ကောင်းမွန်သောကျန်းမာရေးနှင့်ညီညွတ်သောစားသောက်မှု အလေ့အကျင့်အသစ်များကို ထည့်သွင်းကျင့်သုံးရန် (Reinforce) လိုအပ်ပါသည်။ (ဥပမာ- ထမင်းစားလျှင် ဟင်းသီးဟင်းရွက်စားသည့် အလေ့အကျင့်မရှိလျှင် ဟင်းသီးဟင်းရွက်စားသည့် အလေ့အကျင့်ပြုလုပ်ရန်)။

ဤသို့အဆင့်ဆင့်လေ့ကျင့်ရာတွင် မိမိ၏ကြိုက်နှစ်သက်မှု၊ မိမိတို့၏ဓလေ့ထုံးစံ၊ မိမိတို့၏ငွေကြေးတတ်နိုင်မှု စသည့်အချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ မိမိအတွက် လိုအပ်သောအစားအစာကိုစားသုံးရာတွင် ထမင်းပန်းကန်၏လေးပုံတစ်ပုံကို ထမင်းကဲ့သို့ ကစီဓာတ်ကြွယ်ဝသော အစားအစာ၊ ထမင်းပန်းကန်၏နောက်လေးပုံတစ်ပုံကို အသား၊ ငါး၊ ကြက်ဥကဲ့သို့ အသားဓာတ်ကြွယ်ဝသောအစားအစာ၊ ထမင်းပန်းကန်၏နောက်လေးပုံနှစ်ပုံကို အသားဓာတ်ကြွယ်ဝသောဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများစားသုံးရန်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံဖြစ်လာအောင် အဆင့်ဆင့်လေ့ကျင့်စားသုံးရာတွင် အခက်အခဲများရှိနိုင်ပါသည်။ ထိုနည်းလမ်းများကို ကျော်လွှားနိုင်မည့်အစီအစဉ်များကိုလည်း လုပ်ဆောင်ရပါမည်။

(၁) အလုပ်ဖွင့်ရက်တွင် အလုပ်တစ်ဖက်ဖြင့် အစားအစာပြင်ဆင်ချက်ပြုတ်ရန် အချိန်မရှိပါက အလုပ်ပိတ်ရက်တွင် ဖွင့်ရက်များအတွက် အစားအစာကို ကြိုတင်ပြင်ဆင်ထားခြင်း။

(၂) ဆယ်ကျော်သက်များတွင် သူငယ်ချင်းများနည်းတူ လိုက်လျောညီထွေအောင်စားရာမှ အာဟာရပါဝင်မှုနည်းပါးသော အသင့်စားအစားအစာများ စားသုံးမိခြင်းမဖြစ်အောင် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများကိုသာ အာဟာရမျှတစေရန် အတွက် ရွေးချယ်စားသုံးနိုင်ရန် မိဘများက ပံ့ပိုးဆောင်ရွက်ပေးခြင်း၊ ငွေကြေးမတတ်နိုင်၍ အာဟာရနှင့်ညီညွတ်အောင်မစားနိုင်ပါက တစ်နိုင်တစ်ပိုင်စိုက်ပျိုး၊ မွေးမြူရေးဆောင်ရွက်ခြင်း၊ ရပ်ကွက်များအတွင်း ဘုံဆိုင်စိုက်ပျိုးရေးလုပ်ဆောင်ခြင်း။

(၃) လှုပ်ရှားသွားလာမှုနှေးလာပြီး အစားအစာပြင်ဆင်ချက်ပြုတ်နိုင်ခြင်းမရှိတော့သော အသက်အရွယ်ကြီးသူများအတွက် ရပ်ကွက်/ကျေးရွာမှ စေတနာ့ဝန်ထမ်းများမှ အကူအညီပေးခြင်းတို့ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် အာဟာရသည် ကလေးဘဝမှစ၍ အသက်အရွယ်ကြီးသည်အထိ ကျန်းမာစွာနေထိုင်နိုင်ခြင်းနှင့် ရောဂါများကာကွယ်ပေးခြင်း၊ အန္တရာယ်ရှိသောအပြုအမူများမှ ကာကွယ်ပေးခြင်းတို့အတွက် အရေးကြီးလှပါသည်။ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ စသည့်မကူးစက်နိုင်သောရောဂါများဖြစ်ပွားနိုင်ခြေကိုလည်း ကာကွယ်ပေးသည်။ နာတာရှည်ရောဂါခံစားနေရသူများတွင်လည်း သက်တမ်းစေ့နေနိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်မှုပုံစံအတိုင်း အာဟာရမျှတသောအစားအသောက်ကို စားသုံးသင့်ကြောင်း သတိပြုမိပါက ဆောလျင်စွာ လေ့ကျင့်စားသုံးသင့်ပါသည်။

ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်သောစားသောက်မှုပုံစံအတိုင်း အာဟာရမျှတသောအစားအသောက်စားသုံးခြင်းကို ရေတိုအတွက်မဟုတ်ဘဲ ရေရှည်ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဆောင်ရွက်သင့်ပါသည်။ သို့မှသာ စိတ်ရောကိုယ်ပါ ကျန်းမာစွာနေနိုင်ပြီး ဘဝအရည်အသွေးကိုလည်း မြင့်မားစေနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

(ကိုးကား- ၂၂-၁-၂၀၂၅ ရက်တွင် ကျင်းပသော (၅၃) ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၊ ကျန်းမာရေးပြဿနာဖြစ်စေနိုင်သည့်အချက်အလက်များ ဖော်ထုတ်ခြင်းဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော လူမှုဘဝမြင့်တင်စေရန်ဆောင်ရွက်ခြင်း ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲမှ ဒေါက်တာကြေးမုံထွေး၏ "အာဟာရသည် ကလေးဘဝမှ အသက်အရွယ်ကြီးသူများအထိ ကျန်းမာရေးကို မည်ကဲ့သို့ထောက်ပံ့ပေးပြီး အန္တရာယ်ရှိသောအပြုအမူများကို မည်ကဲ့သို့ကာကွယ်ပေးခြင်း")

# နေပြည်တော်ကောင်စီနယ်မြေအတွင်း အရေးပေါ်လူနာတင်ယာဉ်စနစ်စတင်ဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နေပြည်တော်ကောင်စီနယ်မြေအတွင်း အရေးပေါ်လူနာတင်ယာဉ်စနစ် စတင်ဆောင်ရွက်ခြင်း အသိပေးမိတ်ဆက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပေးမိတ်ဆက်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ (NRSC) သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီ အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီစေတနာ့လုပ်အားရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

အသိပေးမိတ်ဆက်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ထုတ်ဝေသော Global Status Report on Road Safety (2023) အရ ၂၀၂၁ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ယာဉ်တိုက်မှုကြောင့် သေဆုံးဦးရေသည် အရှေ့တောင်အာရှဒေသတွင် အများဆုံးဖြစ်ပြီး အသက် ၅ နှစ်မှ ၂၉ နှစ်အထိ လူငယ်များ အများဆုံးသေဆုံးရသည့် အကြောင်းရင်းမှာ ယာဉ်တိုက်မှုကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ယာဉ်တိုက်မှုများတွင် မော်တော်ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်းနှင့် အသက်ကယ် ထိုင်ခုံခါးပတ်မဝတ်ဆင်ခြင်းတို့ကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုများ သဖြင့်ပညာပေးရေးလုပ်ငန်းများ အရေးကြီးကြောင်း၊ ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် တုံ့ပြန်ဆောင်ရွက်ခြင်းကို ဆောင်ရွက်ရာတွင် အရေးပေါ်လူနာတင်ယာဉ်စနစ် (Emergency Medical Services–EMS) ပါဝင်ကြောင်း၊ ယာဉ်တိုက်မှုဖြစ်ပွားရာနေရာမှာ ရှေးဦးအသက်ကယ်ပြုစုကုသမှု ဆောင်ရွက်နိုင်ခြင်း၊ လူနာကိုဆေးရုံသို့ သယ်ဆောင်ချိန်တွင် လိုအပ်သောပြုစုကုသမှုဆောင်ရွက်ပေးနိုင်ခြင်း၊ ထိခိုက်ဒဏ်ရာရလူနာများအတွက် လိုအပ်သည့်ကုသမှုကို အချိန်မီဆောင်ရွက်ပေးနိုင်ခြင်းဖြင့် မလိုလားအပ်သော အသက်ဆုံးရှုံးမှု၊ ကိုယ်လက်အင်္ဂါဆုံးရှုံးမှုများနှင့် နောက်ဆက်တွဲ လူမှုစီးပွားထိခိုက်ဆုံးရှုံးမှုများကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ယနေ့ စတင်ဆောင်ရွက်မည့် နေပြည်တော်ကောင်စီနယ်မြေ အရေးပေါ်လူနာတင်ယာဉ်စနစ်ကို နေပြည်တော်ရှိ မြို့နယ်ခုနစ်မြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ လူနာတင်ယာဉ်စခန်းခုနစ်ခု၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လူနာတင်ယာဉ်စခန်းနှစ်ခု စုစုပေါင်းကိုးခုဖွင့်လှစ်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ကနဦးအနေဖြင့် ယာဉ်တိုက်မှုကြောင့် ဖြစ်ပွားသည့် ထိခိုက်ဒဏ်ရာရရှိသော လူနာများအတွက် ဆောင်ရွက်မှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြစ်ပွားသည့် ယာဉ်တိုက်မှုအခြေအနေ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက်ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက နေပြည်တော်ကောင်စီနယ်မြေအတွင်း အရေးပေါ်လူနာတင်ယာဉ်စနစ် ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိမှု အခြေအနေကို ရှင်းလင်းပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ဖွင့်လှစ်ထားရှိသည့် “EMS 192 Command and Control Center” သို့သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုများကိုကြည့်ရှုကာ လူနာတင်ယာဉ်များဖြင့် လူနာများကယ်ဆယ်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုသရုပ်ပြခြင်းများကို ကြည့်ရှုအားပေးခြင်း၊ လူနာတင်ယာဉ် ပြင်ဆင်ထားရှိမှုများနှင့် Ambulances Crew စုဖွဲ့မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

အရေးပေါ်လူနာတင်ယာဉ်စနစ်ကို နေပြည်တော်ရှိ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိ၊ လယ်ဝေးနှင့် ပျဉ်းမနားမြို့နယ်များတွင် လူနာတင်ယာဉ်စခန်းကိုးခု ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိလူနာများရှိပါက အရေးပေါ်ခေါ်ဆိုမှု ဖုန်းနံပါတ် “192” ကို ခေါ်ဆို၍လူနာတင်ယာဉ်ခေါ်ယူနိုင်ကြောင်း သိရသည်။

(၅၀၀)

# တရုတ်ဘာသာစကားပြော HSK–2 သင်တန်းဆင်းပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် နိုင်ငံခြားဘာသာစကားစွမ်းရည်များ မြင့်မားလာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် တရုတ်ဘာသာစကားပြော HSK–2 သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့ ဖူးကျင့်နိုင်ငံတကာ ဘာသာစကားသင်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ကြီးနှင့် သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်ဘာသာစကားပြော HSK– 2 သင်တန်းကို ဝန်ထမ်းများအတွက် သုံးလကြာ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်လာစေရေးအတွက်ပြည်တွင်းပြည်ပ သင်တန်းများကိုလည်း စေလွှတ်တက်ရောက်စေလျက်ရှိကြောင်း၊ တရုတ်ခရီးသွားများအနေဖြင့် အရှေ့တောင်အာရှဒေသ၊ ဥရောပ၊ ရုရှားနှင့် ဂျပန်နိုင်ငံတို့ကို အများဆုံးလည်ပတ်ကြပြီး မြန်မာနိုင်ငံအနေဖြင့် ယင်းဈေးကွက်ကိုရရှိနိုင်ရေး ကြိုးစားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသို့ ၂၀၂၄ ခုနှစ်အတွင်း ဗီဇာဖြင့် အများဆုံးလာရောက်လည်ပတ်ခဲ့သည့် ပြည်ပခရီးသွားဧည့်သည်ရောက်ရှိမှုစာရင်းတွင် တရုတ်ခရီးသွားဧည့်သည်ရောက်ရှိမှုသည် ထိပ်ဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ တရုတ်ခရီးသွားဈေးကွက်မှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍအတွက် အလားအလာရှိသော ခရီးသွားဈေးကွက်ဝင် နိုင်ငံတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးမြို့ ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်း တာဝန်ခံကျောင်းအုပ်ကြီးက တရုတ်ဘာသာစကားပြော HSK–2 သင်တန်းဖွင့်လှစ်သင်ကြားခဲ့မှုနှင့် သင်တန်းထပ်မံဖွင့်လှစ်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဖူးကျင့်နိုင်ငံတကာဘာသာစကားသင်တန်းကျောင်းနှင့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ၊ ထူးချွန်ဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# Farm Mechanics ဘာသာရပ်သင်ကြားပို့ချမည့် ဆရာများအတွက် မွမ်းမံသင်တန်းပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ Grade–12 (Farm Mechanics) ဘာသာရပ်သင်ကြားပို့ချမည့်သင်ကြားရေးဆရာများအတွက် လေ့ကျင့်သင်ကြားရေးမွမ်းမံသင်တန်း (Training For Trainer) ဖွင့်ပွဲကို ယမန်နေ့က မိတ္ထီလာမြို့ စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၌ ကျင်းပခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက လယ်ယာသုံးစက်ကိရိယာများ၏ စက်ကိရိယာပိုင်းဆိုင်ရာအချက်အလက်များ၊ မောင်းနှင်ပြုပြင်ထိန်းသိမ်းမှုများ၊ စက်ကိရိယာကိုင်တွယ်သုံးစွဲရာတွင် သတိပြုဆောင်ရွက်ရမည့် အချက်များကိုသာမက သီးနှံအမျိုးအစားအလိုက် စက်ကိရိယာများ၏ အသုံးဝင်မှု၊ အကျိုးသက်ရောက်မှု၊ အားသာချက်၊ အားနည်းချက်များကိုပါ ထည့်သွင်းသင်ကြားနိုင်ရန်မှာကြားလိုကြောင်း၊ သင်တန်းဆရာ၊ ဆရာမ ဖြစ်လာမည့်သူများအနေဖြင့် ယခု (Training for Trainer) သင်တန်းတွင် သင်ကြားမှုများအပေါ် အထူးအလေးထားသင်ယူမှု၊ လက်တွေ့ဆောင်ရွက်မှုများဖြင့် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း Grade–12 တွင် စက်မှုလယ်ယာဘာသာရပ် (Farm Mechanics) သင်ကြားပို့ချနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ် အသီးသီး၌ သင်ကြားရေးအတွေ့အကြုံရှိ စာတွေ့၊ လက်တွေ့သင်ကြားမည့် ဝန်ထမ်းဆရာများအား ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၈ ရက်အထိ စာတွေ့ ၄၉ ချိန်၊ လက်တွေ့ ၂၈ ချိန် လေ့ကျင့်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ရန်ကုန်တိုင်း ဒေသကြီး၌ ဖမ်းဆီး ရမိမှု။

နေပြည်တော် ဖေဖော်ဝါရီ ၁၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၁၇ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်၊ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ်၁၅၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ သဲချောင်းကျေးရွာအနီး၌ စက်လှေ(၁)စင်းပေါ်မှ တရားမဝင် အခြားသစ် (၁၈ ဒသမ ၀၃၀)တန်နှင့် တရုတ်နီ အင်ဂျင်(၂)လုံး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၅၃၀၀၀)၊ အဆိုပါသစ်များ တင်ဆောင်ထားသည့် သစ်သား စက်လှေ (၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၃၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီး၊ Foton Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၂)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၁၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၉)မျိုး၊လုပ်ငန်းသုံးပစ္စည်း(၃)မျိုး၊စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၈၆၀၂၆၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Noah မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၉၄၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၈၅၄၈၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၂) လမ်းမကြီးအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၈၂၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၇၇၆၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Noah မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(ခ)ရပ်ကွက်ရှိ ဂိုဒေါင် (၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၂၇၇၆၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။


ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်၊ ဆုတောင်းပြည့်ကျေးရွာအနီး၌ လိုင်စင်မဲ့ Honda 125 မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းနောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၆၆၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၇ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၄)မှု (ခန့်မှန်းတန်ဖိုး ငွေကျပ်၄၀၁၉၇၂၂၂၀)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

(သတင်းစဉ်)

# ကနီမြို့နယ်ရှိ ကူးတို့ဆိပ်ကိုလုံခြုံရေးတပ်ဖွဲ့ဝင်များက လေယာဉ်ဖြင့်ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် သံဃာတော် ၁ ပါး နှင့် ဒေသခံပြည်သူ ၂ ဦး ဒဏ်ရာရပြီး ကားနှင့်ဆိုင်ကယ်များ မီးလောင်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဖေဖော်ဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ မုဋ္ဌောအရှေ့ရွာရှိ ချင်းတွင်းမြစ်ကူးတို့ဆိပ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် သံဃာတော် ၁ ပါးနှင့် ဒေသခံပြည်သူ ၂ ဦး ဒဏ်ရာရပြီး ကားနှင့် ဆိုင်ကယ်များ မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံများအား ဆက်သွယ်မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများသွားလာနေထိုင်လျက်ရှိသည့်နေရာများအား ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်းသိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့်အလုံးစုံပျက်စီးစေလိုသောရည်ရွယ်ချက်ဖြင့် လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အရေးပါသည့် ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်တာဝါတိုင်များအား ဖောက်ခွဲဖျက်ဆီးခြင်းနှင့် ပြည်သူများ သွားလာလှုပ်ရှားနေထိုင်လျက်ရှိသည့် လူစည်ကားသည့်နေရာများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ဒရုန်းဖြင့်ဗုံးကြဲခြင်းများဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)

# နေပြည်တော်၊ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ **ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၆ ရက်အထိ** နေပြည်တော်၊ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၁၂ ဒသမ ၅၅၆၄) တန်၊ သစ်မာ (၁၂ ဒသမ ၅၁၅၉) တန်၊ အခြား (၆၁ ဒသမ ၇၂၁၄) တန်၊ စုစုပေါင်း (၈၆ ဒသမ ၇၉၃၇) တန်၊ ယာဉ်/ ယန္တရား (၄)စီး၊ တရားခံ (၁၇) ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

(သတင်းစဉ်)



# နွေသီးနှံများစိုက်ပျိုးရာသီတွင် နွေစပါးနှင့်နွေနှမ်း ၁၇၀၃ ဧက လျာထားစိုက်ပျိုးမည်



ငဖဲ ဖေဖော်ဝါရီ ၁၈

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ နွေသီးနှံများစိုက်ပျိုးရာသီတွင် နွေစပါး ၁၂၇၁ ဧကနှင့်နွေနှမ်း ၄၃၂ ဧက စုစုပေါင်း ၁၇၀၃ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ရာ ဒေသခံတောင်သူများအနေဖြင့် ဖေဖော်ဝါရီလ ဒုတိယပတ်မှစတင်၍ ထွန်ယက်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် နွေသီးနှံများစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများသီးနှံများ အဆင်ပြေစွာ ထွန်ယက်စိုက်ပျိုးနိုင်ရေးနှင့် နွေစပါးပျိုးထောင်နိုင်ရေးတို့အတွက် မန်းချောင်းရေလှောင်တမံ၊ ရင့်ရှည်ရေလှောင်တမံနှင့် ဆည်ငယ်၊ ကန်ငယ်များမှဆည်ရေများကို သက်ဆိုင်ရာမြောင်းမကြီးများမှတစ်ဆင့် လယ်ယာမြေစိုက်ခင်းများသို့ စနစ်တကျဖြန့်ဝေပေးလျက်ရှိရာ ကျေးရွာအုပ်စုရှစ်အုပ်စု ကွင်းပေါင်း ၂၅ ကွင်းတွင် နွေစပါးနှင့်နွေနှမ်းကို လျာထားစိုက်ပျိုးသွားမည်ဖြစ်သည်။

ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် သီးနှံစိုက်စွမ်းအားတိုးတက်ရေးတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးကောင်းမျိုးသန့်စပါးမျိုးနှင့်နှမ်းမျိုးများကို ရွေးချယ်စိုက်ပျိုးရေး၊ နွေသီးနှံလျာထားစိုက်ဧကပြည့်မီရေးနှင့်သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးနည်းစနစ်များ၊ တောင်သူအသိပညာပေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ကွင်းဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်ထုတ်လုပ်မှုသည် အဓိကဖြစ်ရာ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ရှိပြီးသားစိုက်ပျိုးရေးထွက်ကုန်များကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့လုပ်ငန်းများ ပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

မယု(ငဖဲ)

# စာပေဂုဏ်မြှင့် တို့ပြည်တင့်

* ပညာရွှေအိုး၊ လူမခိုးဟု
ဆိုရိုးရှိငြား၊ ကိုယ်ပိုင်ထားမှ
ဆင့်ပွားပညာ၊ အဖြာဖြာသည်
ဘယ်မှာအစ၊ မည်သူကဟု
သိပွရင်းမြစ်၊ မျိုးဆက်သစ်တို့
ဖွေလှစ်သောခါ၊ ထိုပညာသည်
ဘယ်မှာစတည်၊ ဖြစ်ခဲ့သည်ဟု
ကြံစည်တွေးဆ၊ သိနိုင်ကြ
စာအုပ်စာပေ မိတ်ဆွေမှ။

* အသိဉာဏ်မှ၊ အခြေစ၍
လုံ့လစိုက်ထုတ်၊ ရင်းနှီးမြှုပ်သော်
အလုပ်မှန်မှ၊ အကျိုးရ၏
ဘဝအောင်မြင်၊ အလုပ်တွင်အောင်
ပေါ်လွင်ထင်ရှား၊ ဂုဏ်မြင့်မားဖို့
ကြိုးစားသောခါ၊ မြတ်ပညာကို
သေချာပိုင်းခြား၊ သင်ယူထားမှ
စွမ်းအားပေါ်လွင်၊ မြဲအောင်မြင်၏။

* လောကအတွက်၊ စွမ်းဆောင်ချက်ဖြင့်
တိုးတက်စေရည်၊ ကြံစည်တွေးစ
ရှာမှီးကြသော်၊ များလှပါသည့်
တတ်သိပညာ၊ အဖြာဖြာကို
ပညာဘဏ်တိုက်၊ စာပေသိုက်မှာ
လိုက်စားလေ့လာ သင်ယူရာတည့်။

* တို့ပြည်အကျိုး၊ ဆင့်ဆင့်တိုးဖို့
အဖိုးအနဂ္ဃ၊ ထိုက်တန်လှသည့်
သိပ္ပပညာ၊ ဝိဇ္ဇာတတ်သိ
မြန်မာ၏ဂုဏ်၊ ဇာတိဂုဏ်ကို
စာပေဂုဏ်ဖြင့်၊ တိုးကာမြှင့်မှ
ဂုဏ်တင့်နိုင်မည်၊ တို့မြန်ပြည်။ ။

**မောင်လေပြေ(တောင်တွင်း)**

**မြဝတီရုပ်မြင်သံကြားအစီအစဉ်** **၁၉-၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)**

| | | | | | |
|---|---|---|---|---|---|
| ၁။ ၀၆:၀၀ | တရားတော် | ၆။ ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | ၉။ ၁၆:၀၀ | ကိုယ်လက်လှုပ်ရှား အားကစား |
| ၂။ ၀၈:၀၀ | မျိုးချစ်တပ်မတော် | ၇။ ၁၃:၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး | ၁၀။ ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၃။ ၀၉:၀၀ | မြဝတီနေ့စဉ်သတင်း | ၈။ ၁၅:၀၀ | ဆောင်းပါးပေါ်မှ စာစုများ | ၁၁။ ၁၉:၀၀ | **တောင်ပိုင်း ပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာ အခန်းကဏ္ဍ အပိုင်း(၁၃/၁၄)** |
| ၄။ ၁၀:၀၀ | နိုင်ငံတကာသတင်း | | | | |
| ၅။ ၁၁:၀၀ | မြဝတီရုပ်မြင်သံကြား သတင်း | | | | |

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အကြမ်းဖက်သမားများက တနင်္သာရီမြို့နယ်၊ ပနပ်ငယ်ကျေးရွာအနီး၌ အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် ၁ စီးအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်များအပါအဝင် အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၈ ဦးတို့၌ မိုင်းစထိမှန်ဒဏ်ရာများရရှိ







အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်ပျက်စီးနေမှုအားတွေ့မြင်ရစဉ်။



အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုအားတွေ့မြင်ရစဉ်။



အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ရသည့်အပြစ်မဲ့ပြည်သူများကို လိုအပ်သည့်ဆေးကုသမှုများဆောင်ရွက်ပေးထားမှုအား တွေ့မြင်ရစဉ်။




တနင်္သာရီမြို့နယ်၊ ပနပ်ငယ်ကျေးရွာအနီး၌ အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုဖြစ်စဉ်နေရာပြပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများဖြစ်ပေါ်စေရန်အတွက် အကြမ်းဖက်မှုလုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိပြီး လမ်း၊ တံတားများ ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာ အဆောက်အဦများနှင့် လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ Drop Bomb များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော အေးချမ်းစွာသွားလာလျက်ရှိသည့် ကုန်တင်ကားများ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်ယာဉ်များကိုလည်း နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများ၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ ပနပ်ငယ်ကျေးရွာအနီး၌ အပြစ်မဲ့ပြည်သူများစီးနင်းလာသည့် ဘုရားဖူးယာဉ် ၁ စီးကိုလည်း ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် တနင်္သာရီမြို့နယ်၊ ညောင်ပင်ကွင်းကျေးရွာမှ မြိတ်မြို့သို့ ယာဉ်မောင်း ဦးမျိုး မောင်းနှင်လာပြီး အပြစ်မဲ့ပြည်သူများစီးနင်းလိုက်ပါလာသည့် Light Truck အမျိုးအစားမော်တော်ယာဉ်အား ပနပ်ငယ်ကျေးရွာအနီးသို့အရောက်၌ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကလေးငယ်များအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသား ၁ ဦး၊ အမျိုးသမီး ၈ ဦး၊ စုစုပေါင်း ၉ ဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။ ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား မြိတ်မြို့ရှိပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ပြီး လိုအပ်သည့်ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားရာ လမ်းကြောင်းတစ်လျှောက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များဆက်လက်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက်လုံခြုံရေးလုပ်ငန်းများကို တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
“ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား ...
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
MALTA FRESH


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

# ကွန်ပျူတာတက္ကသိုလ်၌ ဘွဲ့နှင်းသဘင်ကျင်းပ

**လွိုင်ကော် ဖေဖော်ဝါရီ ၁၈**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ကွန်ပျူတာတက္ကသိုလ်၌ ဘွဲ့နှင်းသဘင် အခမ်းအနားကို ယမန်နေ့က ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကွန်ပျူတာတက္ကသိုလ်မှ ပညာရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများနှင့်၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယပါမောက္ခချုပ်က ဘွဲ့များအပ်နှင်းရန် ဤဘွဲ့နှင်းသဘင်ကို ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ရမောင်/မယ်များက စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ဝန်ခံကတိပြုကြသည်။


ဆက်လက်၍ ဘွဲ့လွန်ကွန်ပျူတာသိပ္ပံဒီပလိုမာဘွဲ့၊ ကွန်ပျူတာသိပ္ပံဘွဲ့၊ ကွန်ပျူတာနည်းပညာဘွဲ့နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားကြသူတို့အား ဘွဲ့များအပ်နှင်းကာ ဘွဲ့ရရှိသူများစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးပေးသည်။

ယင်းနောက် ဒုတိယပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားရာတွင် ဘွဲ့ရမောင်/မယ်များအနေဖြင့် သင်ယူတတ်မြောက်ထားသောပညာရပ်များကို အသုံးပြုပြီး သတင်းအချက်အလက်နှင့်နည်းပညာကဏ္ဍတွင် နိုင်ငံတော်မှ အားကိုးအားထားပြုရသည့် ပညာရှင်များဖြစ်အောင် ကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့နှင့်စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်/မယ်များ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(၄၀၅)

# ရန်ကင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ Grade-1 ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးခြင်းများဆောင်ရွက်



**ရန်ကုန် ဖေဖော်ဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ်၌ ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ်ဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာကျောင်းများပူးပေါင်း၍ Grade–1 ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးခြင်းကို ယနေ့တွင် အခြေခံပညာကျောင်းများ၌ ဆောင်ရွက်သည်။

အဆိုပါ ကျောင်းတွင်းအာဟာရကျွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသီသီလတ်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းရည်မွန်တို့ ဦးဆောင်၍ ကျောင်းအုပ်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်များပူးပေါင်းကာ ရန်ကင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ Grade–1 ကျောင်းသား၊ ကျောင်းသူ ၅၈၅ ဦးအား အစာအုပ်စုသုံးအုပ်စုပါဝင်သော နေ့လယ်စာကျွေးမွေးခြင်းဆောင်ရွက်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ ကျောင်းတွင်းအာဟာရကျွေးခြင်းကို ကျောင်းသား၊ ကျောင်းသူများအားလုံး ကျန်းမာသန့်စွမ်းပြီး အာဟာရပြည့်ဝကာ ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေပြီး ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်တတ်စေရန်၊ မူလတန်းကျောင်းသား၊ ကျောင်းသူများ၏ ကြီးထွားဖွံ့ဖြိုးကျန်းမာမှုနှင့် ပညာရေးတိုးတက်မှုများအတွက် ကျောင်းသား၊ ကျောင်းသူများသာမက ၎င်းတို့မိသားစုများ၏ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ပုံစံများ မြှင့်တင်ပေးရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

# လယ်ယာဧကများစွာကိုအကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



**အောင်လံ ဖေဖော်ဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်ထောင်စုခွင့်ပြုငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မိုးကောင်းကျေးရွာ၌ လယ်ယာဧကများစွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးဝင်း၊ အောင်လံခရိုင် ဦးစီးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာများသည် မိုးကောင်းကျေးရွာ၌ အရှည် ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထုမြေသား ၂ ပေ၊ သဲဖြုန်း ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ယင်းလမ်းပေါ်ရှိ အလျား ၁၈ ပေ၊ အနံ ၆ ပေ၊ အမြင့် ၆ ပေရှိ Slab Culvert တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးများက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားကာ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မိုးကောင်းကျေးရွာ၌ အဆိုပါကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၆၇ ဒသမ ၀၈ သန်းဖြင့် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ကျေးရွာသူ၊ ကျေးရွာသားများပူးပေါင်း၍ ၂၀၂၄ ခုနှစ် မေလ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကုန်ထုတ်လမ်းဘေးဝဲ၊ ယာရှိ လယ်ယာဧကများမှထွက်ရှိသည့် လယ်ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာသယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နန်းမြလေး
## အသက်(၈၁)နှစ်

သူငယ်ချင်း ဗိုလ်မှူးစိုင်းဆွေထိုက်(ငြိမ်း)၏မိခင်ကြီး ဒေါ်နန်းမြလေးသည် ၁၆-၂-၂၀၂၅ ရက်(၁၀:၄၅)နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၂၀)သူငယ်ချင်းမိသားစုများ**

**ပျောက်ဆုံးကြောင်း**
ဒေါ်ထေ့ာမွန်(ဘ)ဦးစိုးတင် ၁၀/မဒန(နိုင်)၁၀၇၇၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၂၉၇

**ပျောက်ဆုံးကြောင်း**
ယဉ်ယဉ်ဝိုင်း(ဘ)ဦးစံကျော် ၁၂/မရက(နိုင်)၁၆၈၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 363994)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၁၁၈၂၄၂

**ပျောက်ဆုံးကြောင်း**
ဒေါ်အေးဇက်(ဘ)ဦးပရိုက်ရီ ၁၃/ဖခန(နိုင်)၀၈၂၅၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သန်းထိုက်ဇော်(ဘ)ဦးအောင်မြင့်ကျော် ၅/ယမပ(နိုင်)၁၂၄၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 586902)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၁၈၈၃၀၉၀

**ပျောက်ဆုံးကြောင်း**
မေစုမွန်(ဘ)ဦးအောင်သန်းဦး ၁၂/ကမရ(နိုင်)၀၅၂၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၅၇၆၁၆၅

**ပျောက်ဆုံးကြောင်း**
နိုင်လင်း(ဘ)ဦးစိန်မြင့် ၇/ကဝန(နိုင်)၁၃၀၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၄၂၅၆၈

**ပျောက်ဆုံးကြောင်း**
အောင်မိုးဆွေ(ဘ)ဦးကျောက်ခဲ ၅/ဆလက(နိုင်)၀၇၃၃၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 327689)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၉၃၆၁၉၅

**ပျောက်ဆုံးကြောင်း**
ဇင်မာခိုင်(ဘ)ဦးမောင်လှ ၉/ရမသ(နိုင်)၀၅၈၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 558575)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နေ ညွန့်အလိမ္မာအောင်(ဘ)ဦးတင်မျိုးသူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဦးကျော်နိုင်လင်း(ဘ)ဦးနေအောင် ၁၀/ခဆန(နိုင်)၀၉၈၂၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၂၉၇

**ပျောက်ဆုံးကြောင်း**
ချမ်းမြေ့သော်(ဘ)ဦးဇော်လွင်ဦး ၁၄/ဖပန(နိုင်)၂၅၈၀၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
တင်အေးငြိမ်း(ဘ)ဦးတင်မြင့် ၁၂/အစန(နိုင်)၀၆၂၀၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဝေသဇင်ဦး(ဘ)ဦးသန်းထွန်း ၉/ဝတန(နိုင်)၂၄၉၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အေးအေးအောင်(ဘ)ဦးသန်းမြင့် ၇/ဝမန(နိုင်)၁၁၅၇၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၂၉၅၂၆၅

**ပျောက်ဆုံးကြောင်း**
သော်ဇင်ထက်(ဘ)ဦးသက်ခိုင် ၇/ပတတ(နိုင်)၁၁၈၄၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၀၉၉၂၈၀

**တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်**
ပဲခူးမြို့၊ ဥဿာမြို့သစ်နေ ဒေါ်ရီရီဝင်း ၇/ကဝန(နိုင်)၀၁၄၀၀၅ ၏ ဖခင်အမည်မှာ ဦးဝင်းနှင့် ဦးမောင်ဝင်းမှာ တစ်ဦးတည်းဖြစ်ကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ (၃-၅-၁၉၆၆)ဖြစ်ပါကြောင်း။
**ဦးဝင်း(ခ)ဦးမောင်ဝင်း**

**ပျောက်ဆုံးကြောင်း**
ကျော်ငြိမ်းချမ်း(ဘ)မောင်ဝင်း ၉/တကန(နိုင်)၁၆၀၂၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ရေတာရှည်မြို့ သပြေတန်းကျေးရွာနေ ခင်ချိုသက်(ဘ)ဦးသောင်းကျော် ၇/ရတရ(နိုင်)၁၈၀၅၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မောင်ဝင်းထက်နိုင်(ဘ)ဦးစိုးသန်း ၁၀/မလမ(နိုင်)၂၅၅၄၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၂၉၇

**ပျောက်ဆုံးကြောင်း**
မောင်ရန်နိုင်ဝင်း(ဘ)ဦးဝင်းငြိမ်း ၁၃/ဟပန(နိုင်)၀၇၅၄၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၂၉၇

**ပျောက်ဆုံးကြောင်း**
မင်းသူရိန်(ဘ)ဦးအောင်ဇေယျ ၁၂/ရကန(နိုင်)၀၈၃၁၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၆၉၀၈၇၅၀

**ပျောက်ဆုံးကြောင်း**
သိန်းသန်းထွန်း(ဘ)ဦးအီဆပ် ၁၄/မအန(နိုင်)၁၇၄၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ရန်ဖုန်လှ(ဘ)ဦးရန်လောတာ ၁၃/လရန(နိုင်)၀၆၅၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 415010)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၀၉၉၉၈၃

**ပျောက်ဆုံးကြောင်း**
ဒေါ်နန်းအောင်(ဘ)ဦးထွန်းကြည် ၂/လကန(နိုင်)၀၇၈၀၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
လှိုင်မင်းသိန်း(ဘ)ဦးသိန်းဝင်း ၅/မမန(နိုင်)၀၅၉၉၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၅၂၉၈၈၆

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဖြူးမြို့နေ အဘ ဂျမားဒင်၏သမီးဖြစ်သူ ရာဟူမတ်ဘီဘီ(ခ)စန်းစန်းလွင် ၇/ဖမန(နိုင်)၀၉၁၀၈၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ရာဟူမတ်ဘီဘီ(ခ)စန်းစန်းလွင်**

**ပျောက်ဆုံးကြောင်း**
ဖွေးဖွေးသန့်(ဘ)ဦးကျော်စိုး ၉/ပဘန(နိုင်)၂၂၀၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 681341)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အောင်သ(ဘ)ဦးဆန်းတင် ၁၀/ရမန(နိုင်)၁၄၈၉၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၉၀၄၂၀၉၂

**ဒါရိုက်တာအဖွဲ့အစည်း အဝေးဖိတ်ကြားခြင်း**
ကျွန်တော်တို့၏ IMPERIAL HILL COMPANY LIMITED ၏ အစုရှယ်ယာတန်ဖိုးအားလျှော့ချရန်အတွက်(၁၇-၂-၂၀၂၅)ရက်နေ့ မနက်(၁၀:၀၀)နာရီတွင် ကုမ္ပဏီတည်ရှိရာ ရုံးခန်းလိပ်စာသို့ ကုမ္ပဏီရှိဒါရိုက်တာ/အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ရွှေမြို့ကျေးရွာအုပ်စု၊ ဘူတာကျေးရွာနေ မောင်သန့်ဇင်ဖြိုး(ဘ)ဦးပြား ၉/တကန(နိုင်)၁၄၅၃၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၄၇၅၃၁၂

**ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ**
မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ နယ်မြေ(၁)၊ ရန်ကုန်-မန္တလေးလမ်း၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၂/သိန်တော်ကုန်း)၊ ဦးပိုင်အမှတ်(၈/က)နေ ဒေါ်ခင်တာတာ(၉/မထလ(နိုင်)၂၇၃၈၂၉) ကိုင်ဆောင်သူမှ(အလျား ၅၅'-၀" x အနံ ၂၄'-၀")RC(၄)ထပ်အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ပျောက်ဆုံးကြောင်း**
မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ တောင်ကွေ့ချောင်းကျေးရွာနေ မဇွန်ပွင့်ဖြူ(ဘ)ဦးဇော်မင်းထွန်း ၈/မကန(နိုင်)၃၃၁၆၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 784343)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၂၈၄၀၅၅

## မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်ရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer (BOT)ပုံစံဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်းတည်ထောင်ဖွင့်လှစ်ရန် လျှောက်ထားလိုသည့်ကုမ္ပဏီများအား စိတ်ဝင်စားမှုအဆိုပြုလွှာ(Expression of Interest-EOI)တင်ပြရန် ဖိတ်ခေါ်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေတွင် တည်ဆောက်-လုပ်ငန်းဆောင်ရွက်-လွှဲပြောင်း၊ Built-Operate-Transfer (BOT)ပုံစံဖြင့် နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်းတည်ထောင်ဖွင့်လှစ်၍ မျက်စိရောဂါကုသမှု၊ ကင်ဆာရောဂါကုသမှု၊ ဆီးနှင့်ကျောက်ကပ်ရောဂါကုသမှုနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ အထွေထွေရောဂါအထူးကုသမှုစသည်တို့အား ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေကာ ပြည်သူလူထုအတွက် လိုအပ်သောကျန်းမာရေးဝန်ဆောင်မှုများ အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါနိုင်ငံတော်ပိုင်မြေတွင် အထက်ဖော်ပြပါ ဦးစားပေးအထူးကုဘာသာရပ်များဖြင့် ပုဂ္ဂလိကအထူးကုဆေးရုံလုပ်ငန်း တည်ထောင်ဖွင့်လှစ်လိုသည့် နိုင်ငံသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာအား ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနသို့ Hard copy/ Soft copy (Word file)များဖြင့် (၂၃-၄-၂၀၂၅)ရက်နေ့၊ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ အဆိုပြုလျှောက်ထားနိုင်ပါသည်။

**လျှောက်လွှာရယူရန်နှင့် ဆက်သွယ်ရန်လိပ်စာ**

ပုဂ္ဂလိကကျန်းမာရေးဌာနခွဲ၊ ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်
ဆက်သွယ်ရန်ဖုန်း- ၀၆၇ ၃၄၁၁၀၆၉၊ ၀၆၇ ၃၄၁၁၆၃၀
Email-privatehealthdivision@gmail.com

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင်
ပုဂ္ဂလိကဆေးရုံများ တည်ထောင်ဖွင့်လှစ်နိုင်ရန်
အကောင်အထည်ဖော်ရေးကော်မတီ

**ပျောက်ဆုံးကြောင်း**
စိုးမိုးထက်(ဘ)ဦးကျော်လွှား ၅/ဟမလ(နိုင်)၀၈၉၉၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
ထွန်းထွန်းနိုင်(ဘ)ဦးစောကိုနိုင် ၁၂/ရပသ(နိုင်)၀၉၄၃၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၆၈၅၈၅၉၈

**ပျောက်ဆုံးကြောင်း**
သဉ္ဇာဝင်း(ဘ)ဦးကံထွန်း ၈/နမန(နိုင်)၂၀၅၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 087335)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၅၃၃၈၈၆၂

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့ မွန်စုရပ်ကွက်၊ ဥဿာ(၉)လမ်းနေ မေဦးဟံ(ဘ)ဦးဝင်းဟံ ၇/ပခန(နိုင်)၄၃၁၃၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 809464)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**
မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ မြောက်ကွေ့ချောင်းကျေးရွာနေ မနှင်းသက်ဝေ(ဘ)ဦးဝင်းကို ၈/မကန(နိုင်)၃၁၉၃၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 671913)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၁၃၃၂၈၀၁

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါစက်သုံးဆီများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ/ ပရီမီယံဒီဇယ်ဆီ/ | ၃၀၀၀၀ ဂါလန်/ ၁၅၀၀၀ ဂါလန်/ |
| | ဓာတ်ဆီ | ၅၀၀၀ ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၂-၂၀၂၅ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၅-၂-၂၀၂၅ ရက်နေ့(၁၂:၀၀)နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

Company Registration No.-100531100

## မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ
## ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၁။ SUNNY INTERNATIONAL COMPANY LIMITED အား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၁၇-၂-၂၀၂၅)ရက်နေ့၌ ကုမ္ပဏီ၏ မှတ်ပုံတင်ရုံးခန်းတွင် ကျင်းပပြုလုပ်သော အထူးအထွေထွေအရပ်ရပ်အစည်းအဝေးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းအစည်းအဝေးမှ ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော့မောင် B.A.C.P.A.I.C.M.A (Part II London) အမှတ် ၃၊ ၁၀၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်ခန့်အပ်ရန်ဆုံးဖြတ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်ရှိသူ မြီရှင်များနှင့် ကုမ္ပဏီအား ပေးရန်ရှိသူမြီစားများသည် ဤကြေညာချက်ပါရှိသည့်နေ့မှတစ်လအတွင်း တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်၍ ခိုင်မာတိကျသောအထောက်အထားများတင်ပြရန် ကြေညာအပ်ပါသည်။

**KYAW OHN THEIN**
**MANAGING DIRECTOR**
**SUNNY INTERNATIONAL COMPANY LIMITED**

**ပျောက်ဆုံးကြောင်း**
မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ မြောက်ကွေ့ချောင်းကျေးရွာနေ မသင်းသင်းကြူ(ဘ)ဦးခင်မောင်ထွန်း ၈/မကန(နိုင်)၃၀၀၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 638141)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၈၆၁၅၁၆




**ပျောက်ဆုံးကြောင်း**

နေအောင်(ဘ)ဦးမာနေ ၁/ဟပန(နိုင်)၀၀၉၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 974541)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၄၂၀၀၉၆၄

**ပျောက်ဆုံးကြောင်း**

ဦးသိဒ္ဓိ(ဘ)ဦးသော် ၁၂/ဗဟန(သ)၀၀၂၅၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 047481)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၁၆၁၀၅၀၁

**ပျောက်ဆုံးကြောင်း**

မျိုးသီဟ(ဘ)ဦးနီတွက် ၁၂/ထတပ(နိုင်)၀၀၄၈၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၁၃၄၇၉

**ပျောက်ဆုံးကြောင်း**

နှင်းဆီမြင့်ဦး(ဘ)ဦးမြင့်ဦး ၃/ကကရ(နိုင်)၁၅၁၂၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 705044)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၆၄၁၅၆၄၀

**ပျောက်ဆုံးကြောင်း**

နေဒ်နီးကမ္ဘီး(ဘ)ဦးကျားဘိုကြီး ၇/ကတခ(နိုင်)၁၁၇၁၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၉၅၄၁၅၉၀

**ပျောက်ဆုံးကြောင်း**

အရှင်တေဇ(ဘ)ဦးခင်မောင် ၉/မဟမ(သ)၀၀၄၇၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 339372)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၁၉၇၇၆၉

**ပျောက်ဆုံးကြောင်း**

ခင်သန္တာလှိုင်(ဘ)ဦးကျော်ထွန်း ၉/ဝတန(နိုင်)၁၂၄၂၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၉၆၇၆၀၀၄

**ပျောက်ဆုံးကြောင်း**

သန်းသန်းအေး(ဘ)ဦးအောင်နိုင်သန်း ၁၂/အစန(နိုင်)၁၈၈၅၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 885516)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၁၈၂၀၃

**ပျောက်ဆုံးကြောင်း**

မျိုးမင်းဦး(ဘ)ဦးမြသိန်း ၁၄/ဖပန(နိုင်)၁၂၃၅၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၈၈၂၃၉၀၄

**ပျောက်ဆုံးကြောင်း**

စိုးမိုးအောင်(ဘ)ဦးကျော်ညွန့် ၁၄/ဒဒရ(နိုင်)၀၉၂၁၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၀၀၂၇၆၂

**ပျောက်ဆုံးကြောင်း**

ဒေါ်လေး(ဘ)ဦးမြင့်လွင် ၇/ကတခ(နိုင်)၁၈၁၉၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 538020)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၀၈၈၀၀၂၃

**ပျောက်ဆုံးကြောင်း**

အောင်ဇော်လတ်(ဘ)ဦးစိုးမြင့် ၅/ခဥတ(နိုင်)၀၇၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**ပျောက်ဆုံးကြောင်း**

နတ်မောက်မြို့နယ်၊ ဆည်ကြီးကျေးရွာနေ နိုင်လင်း(ဘ)ဦးဘိုလှ ၈/နမန(နိုင်)၁၄၅၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၄၄၂၆၃၈

**ပျောက်ဆုံးကြောင်း**

နတ်မောက်မြို့နယ်၊ ဖက်တောရွာနေ မတင်ချိုဝင်း(ဘ)ဦးကျော်စိုး ၈/နမန(နိုင်)၂၆၇၈၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၄၄၂၆၃၈

**ကျောဖုံးမှအဆက်**

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ပွဲအစ ၁၁ မိနစ်မှာပင် ဒဂုံစတားနောက်ခံလူ ကိုးသန်းဇော် အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် တစ်ယောက်လျော့သွားပြီး ရတနာပုံအသင်းကို ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရသည်။ ၄၂ မိနစ်တွင် ရတနာပုံအသင်း ဂိုးစတင်ရရှိပြီး ပြည်မိုးက သွင်းယူကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင် ဒဂုံစတားယူနိုက်တက်အသင်း ချေပဂိုးပြန်ရပြီး မောင်မောင်ဝင်းက သွင်းယူခဲ့သော်လည်း ၅၇ မိနစ်တွင် တည်ငြိမ်မင်းက ရတနာပုံအသင်းအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဒဂုံစတားအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၇၈ မိနစ်တွင် ငြိမ်းချမ်းက ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။ ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ရတနာပုံအသင်း အနိုင်ဂိုးများရခဲ့ပြီး ၉၀+၂ မိနစ်တွင် ပြည်မိုး၊ ၉၀+၃ မိနစ်တွင် အာကာတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံ တိုက်စစ်မှူး ပြည်မိုးက ရရှိခဲ့သည်။

ပွဲစဉ် (၂၀) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၄၅ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၄၁ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၃၂ မှတ်၊ အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်းတို့က ၂၉ မှတ်စီ၊ သစ္စာအားမာန်အသင်းက ရမှတ် ၂၀၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၇ မှတ်၊ Dagon Port အသင်းက ၁၅ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ မြဝတီအသင်းက ရှစ်မှတ် ရရှိထားသည်။

**သတင်း - ရဲရင့်လွင်**
**ဓာတ်ပုံ-MNL**

## MFF ဖူဆယ်လိဂ်-၁ နှင့် လိဂ်-၂ ပွဲစဉ်များ ဖေဖော်ဝါရီလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဆက်လက်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲနှင့် လိဂ်-၂ ပြိုင်ပွဲကို ဖေဖော်ဝါရီလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင်ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး လိဂ်-၂ ပြိုင်ပွဲတွင် ထိပ်ဆုံးမှ TG United အသင်းနှင့် ဒုတိယနေရာမှ 7 Dragon အသင်း၊ လိဂ်-၁ ပြိုင်ပွဲတွင် ဒုတိယနေရာမှ YRG အသင်းနှင့် တတိယနေရာမှ MH Dream Team အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၉ ရက် **(ယနေ့)** တွင် ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၁၃)ကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး လက်ဝဲသုန္ဒရအသင်းနှင့် Maryar အသင်း၊ KKY အသင်းနှင့် YCDC Marga Youth အသင်း၊ Black Cross အသင်းနှင့် JZ Yangon အသင်း၊ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် Gold Dream အသင်း၊ Pacific Sun Far အသင်းနှင့် 7 Brother အသင်း၊ TG United အသင်းနှင့် 7 Dragon အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၂) အပြီးတွင် TG United အသင်းက ၃၀ မှတ်၊ 7 Dragon အသင်းနှင့် Pacific Sun Far အသင်းတို့က ၂၆ မှတ်စီ၊ Black Cross အသင်းက ၂၃ မှတ်၊ Gold Dream အသင်းက ၂၂ မှတ်၊ JZ Yangon အသင်းက ၁၉ မှတ်၊ YCDC Marga Youth အသင်းက ၁၅ မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းနှင့် KKY အသင်းတို့က ၁၁ မှတ်စီ၊ လက်ဝဲသုန္ဒရအသင်းက ရှစ်မှတ်၊ 7 Brother အသင်းက ခုနစ်မှတ်၊ Maryar အသင်းက ခြောက်မှတ် ရရှိထားသည်။

ဖေဖော်ဝါရီလ ၂၀ ရက်တွင် ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၁၁) ကို ဆက်လက်ကျင်းပမည်ဖြစ်ပြီး YRG အသင်းနှင့် MH Dream Team အသင်း၊ YCDC Marga အသင်းနှင့် M2K အသင်း၊ VUC အသင်းနှင့် Generations အသင်း၊ MIU အသင်းနှင့် Winner Soccer အသင်း၊ SGF အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၁၀) အပြီးတွင် MIU အသင်းက ၂၈ မှတ်၊ YRG အသင်းက ၂၁ မှတ်၊ MH Dream Team အသင်းက ၂၀ မှတ်၊ M2K အသင်းနှင့် Generations အသင်းတို့က ၁၅ မှတ်စီ၊ VUC အသင်းက ၁၁ မှတ်၊ Winner Soccer အသင်းက ကိုးမှတ်၊ YCDC Marga အသင်းနှင့် ဖူဆယ်ချစ်သူအသင်းတို့က ရှစ်မှတ်စီ၊ SGF အသင်းက လေးမှတ် ရရှိထားသည်။

**ညီမြတ်သော်တာ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၂-၂၀၂၅ | ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၆၀ | ၃၂၇၅ | ၃၂၄၀ | ၃၀၇၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၁၅ | ၃၂၃၀ | ၄၅၀၅ | ၃၅၂၅ | ၃၂၅၀ | ၃၂၅၀ | ၃၃၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၅၆၅ |
| 95 Ron | ၃၂၂၀ | ၃၃၃၀ | ၃၂၉၅ | ၃၂၃၀ | ၃၃၃၅ | ၃၃၅၀ | ၃၃၇၀ | ၃၂၉၀ | ၄၅၆၀ | ၃၅၈၀ | ၃၃၀၅ | ၃၃၀၅ | ၃၃၇၅ | ၃၃၄၀ | ၃၃၆၅ | ၃၆၂၀ |
| HSD (500 ppm) | ၂၇၃၀ | ၂၈၄၅ | ၂၈၁၀ | ၂၇၄၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၈၀ | ၂၈၀၀ | - | ၃၀၉၅ | ၂၈၂၀ | ၂၈၂၀ | ၂၈၉၀ | ၂၈၅၅ | ၂၈၇၅ | ၃၁၃၅ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၈၀ | ၃၄၄၅ | ၃၃၈၀ | ၃၄၈၅ | ၃၅၀၀ | ၃၅၂၀ | ၃၄၄၀ | ၄၈၃၀ | ၃၇၃၀ | ၃၄၅၅ | ၃၄၅၅ | ၃၅၂၅ | ၃၄၉၀ | ၃၅၁၅ | ၃၇၇၀ |
| HSD (10 ppm) | ၃၃၆၅ | ၃၄၈၀ | ၃၄၄၅ | ၃၃၈၀ | ၃၄၈၅ | ၃၅၀၀ | ၃၅၂၀ | ၃၄၄၀ | - | ၃၇၃၀ | ၃၄၅၅ | ၃၄၅၅ | ၃၅၂၅ | ၃၄၉၀ | ၃၅၁၅ | ၃၇၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၈၆ | ၃၀၈၀ |
| 95 Ron | ၃၀၄၁ | ၃၁၃၆ |
| HSD (500 ppm) | ၂၅၆၉ | ၂၆၅၀ |
| HSD (50 ppm) | ၃၁၈၆ | ၃၂၈၀ |
| HSD (10 ppm) | ၃၁၈၆ | ၃၂၈၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “မိကျမ်း” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ အရှေ့ပိုင်းရပ်ကွက်နေ စံကြီး(ခ)စံသောင်းအား မွန်းလွဲ ၂ နာရီ ၂၀ မိနစ်တွင် ပေါင်းတလည်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

❖ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ဒုတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူး၍ Burmese Golf (BG) မှ အဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့်ပြိုင်ပွဲများ၏ ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ဆက်လက်ပြုလုပ်သည်။

ပြိုင်ပွဲ၏ ဒုတိယနေ့အပြီး Tour Pro ဆင့်ပြိုင်ပွဲတွင် ဘိုဘို (HAN Golf Masters) က

စာမျက်နှာ ၁၇ ကော်လံ ၅ ➤






မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ဒုတိယနေ့တွင် ပြိုင်ပွဲဝင်များယှဉ်ပြိုင်စဉ်။

**အကြမ်းဖက်သမားများက တနင်္သာရီမြို့နယ်၊ ပနပ်ငယ်ကျေးရွာအနီး၌ အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့်မော်တော်ယာဉ် ၁ စီးအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်များအပါအဝင် အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၈ ဦးတို့၌ မိုင်းစထိမှန်ဒဏ်ရာများရရှိ**

စာ - ၂၇ သို့

**၁၈-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၉၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**အမေရိကန်နှင့်ရုရှားအဆင့်မြင့်အရာရှိကြီးများ၏တွေ့ဆုံဆွေးနွေးပွဲကို ဆော်ဒီအာရေဗျ၌ကျင်းပ**

စာ - ၂၂ သို့

# MNL ပြိုင်ပွဲတွင် ဒဂုံစတားကို ရတနာပုံအသင်း နောက်ကျဂိုးများဖြင့်အနိုင်ယူ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီလ ၁၈ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ရတနာပုံအသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို ၄ ဂိုး ၂ဂိုးဖြင့် အနိုင်ရခဲ့သည်။

ထိပ်ဆုံးသုံးသင်းအတွင်းဝင်ရန် ကြိုးပမ်းနေသည့် ဒဂုံစတားယူနိုက်တက်အသင်းသည် ရာသီပိတ်ပွဲစဉ်များတွင် ဆက်တိုက်ခြေချော်နေပြီး နှစ်ပွဲဆက်ရှုံးနိမ့်မှုနှင့်အတူ အဆင့် ၄ နေရာမှာပင် ဆက်လက်ရပ်တည်နေသည်။ ရတနာပုံအသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် ထိပ်ဆုံးငါးသင်းအတွင်းဝင်ရန် မျှော်လင့်ချက်ရှိနေဆဲဖြစ်သည်။

စာမျက်နှာ ၃၁ ကော်လံ ၁ ⮺



Quality For You  VEGA  ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ  VEGA  Quality For You
ပစ္စည်းထည့်ပုံးအမျိုးမျိုး
ပစ္စည်းထည့်ပုံးအမျိုးမျိုး
ရေချိုးခန်းသုံးပစ္စည်းများ



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၁၊ ၀၉-၄၀၂၆၇၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉